# ဗုဒ္ဓဃောသ၊ အရှင်မဟာ ( အေဒီ ၅–ရာစု)

## ဗုဒ္ဓမတညှ ရှေးဦးအဌကထာကျမ်းပြု

အရှင်ကေလာသ

မဟာယာနသုတ္တန်များ ထွန်းကားပြန့်နှံ့လာပြီးနောက် ယင်း မဟာယာနအတွေးအမြင် တိုးတက်လာခြင်းလာခြင်းသည် အခြားသောဂိုဏ်းများ၏ တိုးတက်ပြောင်းလဲမှုကိုလည်း သက်ရောက်စေခဲ့သည်။ မဟာယာနကျမ်းစာများကို အလေးဂရုမပြုလိုသည့် ဗုဒ္ဓဘာသာဝင်များသည် တက်ကြွစွာ ရှိနေခဲ့ကြလျက် စာပေ၊ ဘာသာစကားနှင့် မဟာယာန မဟုတ်သော ဗုဒ္ဓဝါဒဆိုင်ရာ ကျမ်းစာအမြောက်အမြားကို ပါဠိဘာသာဖြင့် ရေးသားခဲ့ကြသည်။

သို့ရာတွင် ၎င်းတို့သည် နာဂရဇ္ဇုန၊ အရိယဒေဝ၊ အသင်္ဂတို့ကဲ့သို့သော ဆရာတစ်ဦးမျှကိုမှ မဖော်ပြနိုင်ဘဲရှိ ကြသည်။ ထိုအချိန်တွင် ၎င်းတို့နှင့်ဂုဏ်ရည်တူ အဌကထာ ကျမ်းပြုဆရာကြီး အာဇာနည် **အရှင်မဟာဗုဒ္ဓဃောသ** ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ အရှင်မြတ်သည် အရှင် မဟာမဟိန္ဒ စတင်ထားခဲ့သည့်အလုပ်ကို ဆက်လုပ်ရေး အတွက် သီရိလင်္ကာသို့ကြွရောက်ခဲ့ပြီး အရှင်မြတ်၏ ကြိုး ပမ်းမှုရလဒ်ကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော် ယနေ့ တိုင် ရှင်သန်ထွန်းပြောင်လျက် အရှေ့တောင်အာရှ တစ်ခွင် သို့ ပြန့်နှံ့သွားခဲ့သည်။

ဗုဒ္ဓရှင်တော်မြတ် စတင်ဖော်ထုတ်ပြီး ပိဋကတ်သုံးပုံ အဆောက်အအုံဖြင့် အထွတ်တပ်ထားသော ဗုဒ္ဓဝါဒသည် ဗုဒ္ဓရှင်တော်မြတ် သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိခဲ့သည့် မဟာဗောဓိညောင်ပင်မှ အကိုင်းနှင့်အတူ ဘီစီ ၃-ရာစုမှ စ၍ အသောကမင်း၏သားတော် အရှင်မဟိန္ဒ၏ ကြိုးပမ်း မှုကြောင့် သီရိလင်္ကာ၌ပြန့်နှံ့ခဲ့သည်။ အရှင်မဟိန္ဒ တည် ထောင်ခဲ့သော မဟာဝိဟာရကျောင်းတိုက်သည် ဘုရင်မင်း အဆက်ဆက် ဦးဆောင်ထောက်ပံ့မှုကြောင့် စည်ပင်ခဲ့ သော်လည်း အေဒီပထမရာစုနှစ်များအတွင်း ပြိုင်ဘက် အဘယဂိရိကျောင်းတိုက်၏ မဟာယာန အတွေးအခေါ် များကို လက်ခံလိုမှုသည် မဟာဝိဟာရဝါသီတို့၏ ရှေး ဟောင်း အယူအဆများအပေါ် ငြိုငြင်လာသည့် သက် ရောက်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ တစ်ချိန်တည်းတွင် အိန္ဒိယ ဗုဒ္ဓဘာသာဝင်များသည် မဟာယာနအတွေးအယူ များသို့ ကူးပြောင်းခဲ့ကြလျက် သီရိလင်္ကာသည်သာ မူရင်း ပိဋကတ်သုံးပုံနှင့် အခြားကျမ်းစာများကို ထိန်းသိမ်းသူ အဖြစ် ရပ်တည်ခဲ့သည်။ ယင်းသို့ ထေရဝါဒ ကျဆင်းနေ ချိန် အေဒီ လေးရာစုဝန်းကျင်တွင် အရှင်မဟာဗုဒ္ဓဃောသ ပေါ်ထွန်းလာခြင်းဖြစ်သည်။

အရှင်မြတ်သည် ကိုယ်ပိုင်ဟန်ကိုသာ အမှီပြုလျက် အရှင်မြတ်ရနိုင်သည့် အထောက်အထားအားလုံးကို စု ဆောင်းပြီး ထေရဝါဒဓမ္မနှင့် အကျင့်ပိုင်းဆိုင်ရာ ဖွင့်ဆိုရှင်း လင်းသည့် အဖွင့်ကျမ်း(အဌကထာ)များကို ရေးသားခဲ့ သည်။ အရှင်မြတ်၏အဌကထာကျမ်းများ၌ လေးစားထိုက် သည့် မဟာဝိဟာရကျောင်းတိုက်၏ စာပေအားလုံးကို ထည့်သွင်းဖော်ပြပြီး ပါဠိဘာသာပြန်ဆိုရုံ သက်သက် မဟုတ်ဘဲ အကြောင်းအရာအလိုက် သက်ဆိုင်ရာ စာပေ အားလုံးကို စုစည်းဖော်ပြသည်။

အရှင်မြတ်၏ ကိုယ်ကျိုးမငဲ့သည့် ကြိုးပမ်းမှုသည် အသောကမင်း၏ သာသနာပြုလုပ်ငန်းကြီး ပြန်လည်လန်း ဆန်းလာခြင်းကို ထိန်းထားနိုင်ခဲ့သည်။ အရှင်မြတ်၏ ဆောင်ရွက်ချက်သည် သီရိလင်္ကာနှင့် အိန္ဒိယတောင်ပိုင်း၌ ထေရဝါဒကျမ်းစာရေးသားမှု ပြန်လည် ဆန်းသစ်ခြင်းရန် အင်အားတစ်ရပ်ဖြစ်ခဲ့သည်။ ယင်းပြန်လည်ဆန်းသစ်မှု သည် မြန်မာနိုင်ငံ၌လည်း ပါဠိဘာသာ ပွင့်လန်းလာ သည်အထိ ဆက်လက်ဖြစ်ပေါ်ခဲ့လျက် ယင်းသို့ ပွင့်လန်း ခြင်းသည် မူရင်းဒေသတွင် ဗုဒ္ဓဓမ္မ ကွယ်ပျောက် သွားပြီး နောက် ဗုဒ္ဓဓမ္မကို ဆက်လက်ထိန်းသိမ်းရာ၌ ကြီးစွာသော အထောက်အပံ့ ဖြစ်ခဲ့သည်။

### ကျမ်းစာများ

အရှင်မဟာဗုဒ္ဓဃောသ ရေးသားခဲ့သော **ဝိသုဒ္ဓိမဂ္ဂအဌ ကထာ**သည် ကမ္ဘာကျော်သောကျမ်းဖြစ်သည်။ အရှင်မြတ် ရေးသားခဲ့သည့် အခြားသော အဌကထာကျမ်းများကို အရှင်မြတ်ပေးခဲ့သော အမည်များဖြင့် ဖော်ပြရသော် **သမန္တပါသာဒိကာ၊ သုမင်္ဂလဝိလာသိနီ၊ ပပဉ္စသူဒနီ၊ သာရတ္ထပ္ပကာသနီ၊ မနောရထပူရဏီ၊ အဌသာလိနီ၊ သမ္မောဟဝိနောဒနီ၊ ပဉ္စပကရဏအဌကထာ၊ ကင်္ခါဝိ-တရဏီ၊ ဓမ္မပဒအဌကထာ၊ ပရမတ္ထဇောတိကာနှင့် ဇာတကအဌကထာ** တို့ဖြစ်သည်။

**ဝိသုဒ္ဓိမဂ်**ကျမ်းအကြောင်းကို အစောဆုံးခေတ်မှစ၍ ယနေ့တိုင် ရေးသားကြဆဲဖြစ်သည်။ ယင်းကျမ်းတွင် သီလ ၏အဓိပ္ပါယ်၊ ယင်း၏ရည်ရွယ်ချက်၊ အကျိုး၊ အကျိုးဆက် တို့နှင့်စတင်လျက် သမာဓိအကြောင်းကို ကျယ်ပြန့်စွာ ဆွေး နွေးပြီးနောက် ဝိပဿနာဘာဝနာ အားထုတ်ခြင်းဖြင့် သစ္စာလေးပါးကို ပြီးပြည့်စုံစွာ နားလည်သည်အထိ ဖွင့်ဆို ရှင်းပြသည်။ ပညာ၏သီအိုရီပိုင်းဆိုင်ရာကို အကျယ်တဝင့် ဖွင့်ဆိုပြီးသောအခါ ကမ္မဌာန်းရှုမှတ်မှု အတွေ့အကြုံ၌ ပညာလက်တွေ့ဖြစ်ပေါ်လာပုံကို ဖော်ပြသည်။ နောက်ဆုံး တွင် နိဗ္ဗာန်သို့ဦးတည်သော အတွေ့အကြုံ အသိအမြင်၊ ထိုးထွင်းသိမြင်ပုံနှင့် မင်္ဂဖိုလ်လေးဆင့်တို့ကို ပြည့်စုံစွာ ရှင်းပြသည်။

သီလသည် ဝိသုဒ္ဓိလမ်းစဉ်ကို လျှောက်လှမ်းသူများအဖို့ မိမိကိုယ်ကို ထိန်းစောင့်ရန် လုံးဝလိုအပ်သောအရာဖြစ်သည်။ မိမိကိုယ်ကို ထိန်းစောင့်ခြင်းနှင့် အတွေးအကြံတို့ကို အမှန်အတိုင်းသိအောင် ကြိုးစားသည့် ပုဂ္ဂိုလ်ဖြစ်စေသဖြင့် သီလသည် အားလုံးကို လမ်းညွှန်သည့် လူ့ခန္ဓာကိုယ်၏ ဦးခေါင်းနှင့်တူပြီး တွန်းအားတိုင်းကို ငြိမ်စေသည့် အအေးဓာတ်ဖြစ်သည်။

လေ့ကျင့်ချုပ်ထိန်းမှုဖြင့် စောင့်စည်းရသည့် တွန်းအားအဖြစ် သီလကိုဖော်ပြရာတွင် ရည်ရွယ်ချက်နှင့် စရိုက်စွမ်းရည်တို့ကို စင်ကြယ်စေသည့် ခုတင်အခြေခံဖြင့် ဖွဲ့စည်းထားသည်။ ဤကျမ်း၌ အထူးဖော်ပြချက်မှာ သီရိလင်္ကာနိုင်ငံရှိ ရှေးခေတ်ရဟန်းတော်များ၏ ဘဝဇာတ်ကြောင်းများကို ပုံစံအဖြစ် သရုပ်ဖော်ထားခြင်းဖြစ်သည်။

အရှင်ဗုဒ္ဓဃောသသည် ဝိသုဒ္ဓိမဂ်ကျမ်းဖြင့် ထေရဝါဒလမ်းစဉ်ကို စုစည်းတင်ပြခဲ့သည်။ သီရိလင်္ကာနှင့်အရှေ့အာရှဒေသ၌ ကမ္ဘာ့ဌန်းရှုမှတ်သည့်အကျင့် မေးမှိန်သွားခဲ့သော်လည်း အရှင်မြတ်ရေးသားသော ဝိသုဒ္ဓိမဂ်ကျမ်းကိုမူ ကောင်းစွာ ထိန်းသိမ်းထားကြပြီး လေးစားခဲ့ကြသည်။ နှစ်ဆယ်ရာစု၌မူကား ရဟန်းတော်များသည် အရှင်ဗုဒ္ဓဃောသ ပြောသည့် အချက်အလက်များ၏ အရေးပါမှုကို နားလည်လျက် ကမ္မဋ္ဌာန်းဘာဝနာရှုမှတ်ရန် နိုးကြွလာခဲ့ကြပြီး တစ်ဖန် သီလသမာဓိပညာဟူသော ကျင့်စဉ်သုံးရပ်မှာ ထေရဝါဒ၏ လမ်းစဉ်အဖြစ် ထွန်းလင်းလာပြန်သည်။

**ဝိသုဒ္ဓိမဂ်**ကျမ်း၌ ပါဠိဘာသာအဖွင့်ကျမ်းနှင့် ဘာသာပြန်ကျမ်းများစွာ ရှိသည်။ ယင်းတို့အနက် ရှေးအကျဆုံးအဖွင့်ကျမ်းမှာ အရှင်မဟာဓမ္မပါလ၏ **ပရမတ္ထမဉ္ဇူသာ** ဋီကာဖြစ်သည်။ ယင်းနောက် ဒုတိယရှေးကျသောကျမ်းမှာ ဒုတိယ ပရက္ကမဗာဟုမင်း(၁၂၃၆-၁၂၇၂)ရေးသည့် သီဟိုဠ်ဘာသာအဖွင့်ကျမ်း ဖြစ်သည်[၁]။ ထူပဝံသကျမ်း နိဂုံး အရ **ဝိသုဒ္ဓိမဂ္ဂသင်္ခေပ**နှင့် ယင်းသင်္ခေပ၏သီဟိုဠ်ဘာသာအဖွင့်ကျမ်းတို့ဖြစ်သည်။ ယင်းနှစ်ကျမ်းမှာ ယခုအခါ ပျောက်ဆုံးသွားပြီဖြစ်သည်။ ထို့ပြင် အမည်မသိမထေရ် စီရင်သည့် **ဝိသုဒ္ဓိမဂ္ဂဂဏ္ဌိပဒ**ကျမ်းတို့ဖြစ်သည်[၂]။

၁၉၅၇-တွင် နန္ဒာရာမဝိဟာရနေ အရှင်ပဏ္ဍိတမထေရ်ကလည်း သီဟိုဠ်ဘာသာပြန်ခဲ့သည်။ ထို့ပြင် မြန်မာပညာရှိ ဦးဖေမောင်တင်က ၁၉၃၁-ခုနှစ်တွင် အင်္ဂလိပ်ဘာသာပြန်ဆိုပြီး လန်ဒန်ပါဠိတော်အသင်း (P.T.S.)က ထုတ်ဝေခဲ့သည်။ တစ်ဖန် ၁၉၅၆-တွင် အရှင်ဉာဏမောဠိမထေရ်က အင်္ဂလိပ်ဘာသာပြန်ဆိုသည်။ ဂျာမန်ရဟန်းတော် အရှင်ဉာဏတိလောကမထေရ်ကလည်း ၁၉၅၂-တွင် ဂျာမန်ဘာသာပြန်ဆိုခဲ့သည်။ အဖျောက်ဆရာတော် အရှင်နန္ဒမာလာနှင့် မဟာစည်ဆရာတော် အရှင်သောဘနတို့လည်း မြန်မာပြန်ခဲ့ကြသည်။

**ဝိသုဒ္ဓမဂ်**ကျမ်းကို အနုရာဓပုရမြို့ မဟာဝိဟာရကျောင်းတိုက်နေ **အရှင်သံဃပါလ**မထေရ် တောင်းပန်၍ ရေးသားသည်။ မည်သည့်ကျောင်း၌ သီတင်းသုံးစဉ် ရေးသားကြောင်း ဖော်ပြချက်မတွေ့ချေ။ သမန္တပါသာဒိကာကို မရေးသားမီဖြစ်သဖြင့် မဟာနိဂမသာမိပြာသာဒ်ကျောင်းမှာပင် ရေးသာဖွယ်ရှိသည်။

**သမန္တပါသာဒိကာ**သည် ဝိနည်းငါးကျမ်းအဖွင့်ဖြစ်၏။ ယင်းကျမ်း၌ ဝိနည်းစည်းကမ်းများအပြင် လူမှုရေး၊ ဘာသာရေး၊ ဒဿန၊ သမိုင်း၊ ရှေးခေတ်အိန္ဒိယနှင့် သီရိလင်္ကာတို့၏ နိုင်ငံရေးထင်ဟပ်ချက်များလည်း ပါဝင်သည်။ ယင်းကျမ်း ဗာဟိရနိဒါနကထာ၌ သံဂါယနာသုံးတန်အကြောင်း၊ အာစရိယပရမ္ပရနှင့် အသောကမင်းစေလွှတ်သည့် သာသနာပြုအဖွဲ့အကြောင်းစသည့် ဗုဒ္ဓဝါဒသမိုင်းဦးကို ဖော်ပြသည်။ ဝေါဟာရအဓိပ္ပါယ်သာမက သမိုင်း၊ ဇာတ်ဝတ္ထု၊ သဒ္ဒါ၊ ဝေါဟာရရင်းမြစ်၊ သံတူကြောင်းကွဲ၊ ဥမာဥပေယျ-စသည်တို့ကိုပါ ဖွင့်ဆိုသဖြင့် အလွန်ပြည့်စုံကောင်းမွန်ကြောင်း ပညာရှင်တို့ ချီးမွမ်းဖော်ပြကြသည်။

အရှင်မြတ် မှီငြမ်းပြုခဲ့သည့်ကျမ်းများမှာ အရှင်မဟာမဟိန္ဒတို့ခေတ်ကတည်းက သီရိလင်္ကာလူမျိုးတို့ ရေးသားပြုစုပြီးထိန်းသိမ်းထားသည့် **မဟာအဋ္ဌကထာ**၊ **မဟာပစ္စရိအဋ္ဌကထာ**နှင့် **ကုရုန္ဒီအဋ္ဌကထာ**တို့ ဖြစ်သည်။ အဆိုပါ သီဟိုဠ်အဋ္ဌကထာသုံးကျမ်းကို ပညာရှင် **ဗုဒ္ဓမိတ္တမထေရ်**(မဟာဝိဟာရကျောင်းတိုက်မှ ဖြစ်ဖွယ်ရှိသည်)ထံ သင်ယူခဲ့ကြောင်း နိဂုံး၌ဆိုသည်။ သမန္တပါသာဒိကာ စာကိုယ်၌မူ အန္ဓကအဋ္ဌကထာ၊ သင်္ခေပအဋ္ဌကထာတို့၌လာသော အဆုံးအဖြတ်များကိုလည်း ဖော်ပြထားသည်။ သို့ဖြစ်လျက် ထိုအန္ဓက၊ သင်္ခေပအဋ္ဌကထာတို့ကို အဘယ်ကြောင့် မသင်ယူသနည်း။ အကြောင်းမူ အန္ဓကအဋ္ဌကထာမှာ အန္ဓကတိုင်းသား ဘာသာစကားဖြင့် ရေးသားထားသောကြောင့် အိန္ဒိယမှာနေစဉ်ကပင် လေ့လာပြီးဖြစ်ခြင်း၊ သင်္ခေပအဋ္ဌကထာမှာ မဟာပစ္စရိအဋ္ဌကထာ၏ အကျဉ်းချုပ်မျှဖြစ်ခြင်းတို့ကြောင့် ဖြစ်ဖွယ်ရှိသည်။

ယင်းသီဟိုဠ်အဋ္ဌကထာ သုံးကျမ်းအနက် မဟာအဋ္ဌကထာကို မူတည်၍ ဖွင့်ဆိုမည်ဖြစ်ကြောင်းလည်း ပဏာမ၌ ဝန်ခံထားသည်။

ယင်းအဋ္ဌကထာကို ရေးသားရန် တောင်းပန်သူမှာ **အရှင်ဗုဒ္ဓသိရိမထေရ်** ဖြစ်သည်။ ဒက္ခိဏာသာခါ မဟာဗောဓိပင်ပွားဖြင့် တင့်တယ်ခမ်းနားသော **မဟာမေဃဝန** ဉယျာဉ်အတွင်းရှိ မဟာဝိဟာရကျောင်းတိုက်ကြီး၏ တောင်

---

[၁] နှစ်ဆယ်ရာစုနှစ် ကုန်ခါနီးတွင် ပဏ္ဍိတ် **ဓမ္မရတန** အမည်ရှိ ပုဂ္ဂိုလ်က ယင်းကျမ်းကို တည်းဖြတ်ပြင်ဆင် ပုံနှိပ်ခဲ့သည်။
[၂] ဤကျမ်းကို မြန်မာနိုင်ငံ၊ သာသနာရေးဦးစီးမှ ပုံနှိပ်ထားပြီ။

ဘက် **ပဓာနဃရပရိဝေဏ**တွင် ကုသိုလ်ရှင် **မဟာနိဂမသာမိ**အမည်ရှိကျောင်းဒကာ ဆောက်လုပ်သော ပြာသဒ်၌ သီတင်းသုံးစဉ် ရေးသားသည်။

သမန္တပါသာဒိကာအဋ္ဌကထာကို အရှင်ဗုဒ္ဓဃောသ ရေးပြီး၍ နှစ်များစွာ မကြာမီ အေဒီ ၄၈၉-တွင် **သံဃဘဒ္ဒမထေရ်**က တရုတ်ဘာသာပြန်ဆိုခဲ့ပြီး ထိုဘာသာပြန်မှာ ယနေ့တိုင် ရှိသေးကြောင်း သိရသည်[၁]။ ယင်းအဋ္ဌကထာ၌ ဋီကာသုံးကျမ်းရှိသည်။ ရှေးအကျဆုံးမှာ ဝဇိရဗုဒ္ဓိဋီကာဖြစ်ပြီး ယင်းနောက် အရှင်သာရိပုတ္တရာ၏ သာရတ္ထဒီပနီဋီကာနှင့် စောဠတိုင်းသား အရှင်ကဿပ၏ ဝိမတိဝိနောဒနီဋီကာတို့ ဖြစ်သည်။

**သုမင်္ဂလဝိလာသိနီ**သည် ဒီဃနိကာယ်၏အဖွင့် အဋ္ဌကထာဖြစ်သည်။ ယင်းကျမ်းပဏာမ၌ 'မာဂဓီဘာသာ အဋ္ဌကထာဟောင်းများကို ပထမသံဂါယနာတွင် သံဂါယနာတင်ခဲ့ပြီး နောင်အခါ အရှင်မဟာမဟိန္ဒမထေရ်က သီဟိုဠ်ကျွန်းသို့ ဆောင်ယူလာကာ ကျွန်းသူကျွန်းသားများအတွက် သီဟိုဠ်ဘာသာပြန်ဆိုကြောင်း၊ အရှင်မြတ်သည် ယင်းသီဟိုဠ်ဘာသာ အဋ္ဌကထာကျမ်းများကိုပင် ပါပြီးအကြောင်းအရာကို ထပ်မထည့်ဘဲ ထေရဝါဒအစဉ်အလာကို လိုက်နာသည့် မဟာဝိဟာရဝါသီမထေရ်တို့၏ ပို့ချစဉ်ကို ထိန်းသိမ်းလျက် ရေးသားကြောင်း ဝန်ခံထားသည်။

သီလ၊ သမာဓိ၊ ပညာ၊ ဓာတုနှင့် သစ္စာလေးပါးတို့ကို ဝိသုဒ္ဓိမဂ်ကျမ်း၌ အကျယ်ပြဆိုထားပြီး ဖြစ်သောကြောင့် ယခုရေးသားမည့် အဋ္ဌကထာ၌ ထပ်၍အကျယ်မပြတော့ကြောင်း အသိပေးသည်။ ထိုအတူ သုတ္တပိဋက၏ ပထမနိကာယ်လေးရပ်အဖွင့်ကို ရေးသားရာ၌ ဝိသုဒ္ဓိမဂ်၌ ရေးပြီးအကြောင်းအရာများကို ရှောင်၍ရေး မည်ဟုဆိုသည်။ ဗုဒ္ဓဝါဒရှေးဦးသမိုင်းနှင့် ပတ်သက်သည့် နိဒါန်းလည်းပါသည်။ ပထမသံဂါယနာအကြောင်းဖော်ပြပြီး ပိဋကတ်သုံးပုံ၌ ပါဝင်သည့် ကျမ်းစာများကို သတ်မှတ်ပြထားသည်။ ယင်းနိဒါန်း၌ ပထမသံဂါယနာတင်စဉ် အဘိဓမ္မာပိဋကပါဝင်ခဲ့ကြောင်း အတိအကျဆိုထားသည်။

ဝိနယပိဋကကို သံဂါယနာတင်ပြီးနောက် သံဃာ့အကြီးအကဲဖြစ်တော်မူသော အရှင်မဟာကဿပမထေရ်က 'ကတမံ အာဝုသော ပိဋကံ ပထမံ သင်္ဂါယာမ = အရှင်ဘုရားတို့ အဘယ်ပိဋကကို ရှေးဦးစွာ သံဂါယနာတင်ကြပါမည်နည်း'ဟု မေးမြန်းချက်မှာ သံဂါယနာတင်ရန် ပိဋကနှစ်ခုကျန်သေးကြောင်း ထင်ရှားစေသော အချက်တစ်ရပ်ဖြစ်သည်။ သံဃာ့အဖွဲ့အစည်းက သုတ္တပိဋကကို ရှေးဦးစွာ တင်ပြီးမှ နောက်ဆုံး၌ အဘိဓမ္မာပိဋကကို သံဂါယနာတင်ရန် သဘောတူကြသည်။ ပိဋကတိုင်း၌ ပါဝင်သည့်ကျမ်းစာများကိုလည်း သတ်မှတ်ပြသည်။ အနှစ်ချုပ်သော် သဒ္ဒါရေး ရှင်းလင်းချက်များ၊ ဗုဒ္ဓဝါဒရေးရာ ၊ ကျင့်စဉ်များ၊ ကွဲပြားသည့်အယူအဆများ၊ အစဉ်အလာများ၊ ဇာတ်ဝတ္ထုများ၊ လူမှုရေး၊ သမိုင်းနှင့်ဒဿနဆိုင်ရာ ဖွင့်ဆိုချက်များ ဟူ၍ဖြစ်သည်။

သုမင်္ဂလဝိလာသိနီကို ရေးသားရန် တောင်းပန်သူမှာ **သုမင်္ဂလပရိဝေဏ**၌ သီတင်းသုံးနေထိုင်သူ **အရှင်ဒါဌာနာဂ**မထေရ်ဖြစ်သည်။ **'ဒုရသင်္ကရဝိဟာရ**အတွင်း **ဂန္ထာကရ**ကျောင်း၌ သီတင်းသုံးနေထိုင်လျက် သီဟိုဠ်အဋ္ဌကထာအားလုံးကို ပါဠိဘာသာပြန်ဆိုသည်' ဟူသော မဟာဝံသ (၃၇၊ ၂၄၄)အဆိုအရ နိကာယ်အဋ္ဌကထာကြီးများကို ရေးသားစဉ် ထိုကျောင်း၌ သီတင်းသုံးခဲ့ဖွယ်ရှိသည်။

**ပပဉ္စသူဒနီ**သည် မဇ္ဈိမနိကာယ်၏ အဖွင့်ဖြစ်သည်။ ယင်းကျမ်း၌ အရှင်မဟာဗုဒ္ဓဃောသ၏ အခြားကျမ်းများဖြစ်သည့် ဝိသုဒ္ဓိမဂ်၊ သမန္တပါသာဒိကာနှင့် သုမင်္ဂလဝိလာသိနီတို့ကို ရည်ညွှန်းကိုးကားချက်များ ပါရှိသည်။ သို့ဖြင့် ပပဉ္စသူဒနီကို ယင်းတို့နောက်မှ ရေးသားသည်ဟု ဆိုနိုင်သည်။ ဗုဒ္ဓရှင်တော်မြတ်၏ ဘဝတစ်စိတ် တစ်ဒေသနှင့် ဗုဒ္ဓဝါဒရှေးဦးသမိုင်းလည်းပါသည်။ မြတ်ဗုဒ္ဓသည် နောက်ဆုံး နှစ်ဆယ့်ငါးဝါကို သာဝတ္ထိမြို့ရှိ ဇေတဝန်နှင့် ပုဗ္ဗာရာမကျောင်းတိုက်တို့၌ တစ်လှည့်စီ သီတင်းသုံးတော်မူခဲ့ကြောင်း ဆိုထားသည်။

အဓိက မှီငြမ်းပြုသည့်ကျမ်းမှာ ထိုအချိန်က သီရိလင်္ကာ၌ တည်ရှိဆဲဖြစ်သည့် မဟာအဋ္ဌကထာ ဖြစ်သည်။ အရှင်မြတ်နှင့်အတူ ယခင်က **မယူရဒူတပဋ္ဋန** (သီဟိုဠ်မူ၌ **မယူရရူပပဋ္ဋန**)မြို့၌ အတူသီတင်းသုံးဖူးသည့် **အရှင်ဗုဒ္ဓမိတ္တ**မထေရ် တောင်းပန်၍ရေးသည်။ ဤဗုဒ္ဓမိတ္တသည် အဋ္ဌကထာတို့၏ နိဂုံးအပြီးတွင် ဖော်ပြသည့် ဝါကျရှည်ကို ရေးသွင်းခဲ့သည်ဆိုသော အရှင်ဗုဒ္ဓဃောသ၏ တပည့်သို့မဟုတ် မိတ်ဆွေဖြစ်နိုင်ပြီး သမန္တပါသာဒိကာနိဂုံးပါ အရှင်ဗုဒ္ဓဃောသ သီဟိုဠ်အဋ္ဌကထာများကို သင်ယူသည့် အရှင်ဗုဒ္ဓမိတ္တနှင့် အမည်တူ ဖြစ်ဖွယ်ရှိသည်။

**သာရတ္ထပ္ပကာသနီ**သည် သံယုတ္တနိကာယ်၏ အဖွင့်ဖြစ်သည်။ စာကိုယ်၌ ကျမ်းပြီးနှစ်ကိုမပြသော်လည်း ခေတ်သစ်သုတေသီတို့က သာရတ္ထပ္ပကာသနီသည် ပပဉ္စသူဒနီထက်နောက်ကျပြီး မနောရထပူရဏီထက် ရှေးကျသည်ဟု ယူဆကြသည်။ ကျမ်းပြုရန်တောင်းပန်သူမှာ **ကဉ္စိပုရ**မြို့စသည်၌ ရှေးကအရှင်မြတ်နှင့် အတူနေဖူးသော **အရှင်ဇောတိပါလ**မထေရ်ဖြစ်သည်။

ဤကျမ်း၌ အရှင်ကောဏ္ဍညနှင့် အရှင်သာရိပုတ္တရာကဲ့သို့သော ရဟန္တာကြီးများအကြောင်းကို ဖော်ပြချက်များ ပါရှိသည်။ ရှေးခေတ်သီရိလင်္ကာ၌ ဖြစ်ပေါ်ခဲ့သည့် ဝတ္ထုဖြစ်ရပ်များကိုလည်း တွေ့ရသည်။

---

[၁] Pali Literature of Ceylon, p. 95

**မနောရထပူရဏီ**သည် အင်္ဂုတ္တရနိကာယ၏အဖွင့်ဖြစ်သည်။ **ကဉ္စိပုရ**မြို့မှာရော အနုရာဓပုရမြို့၊ မဟာဝိဟာရကျောင်းတိုက်မှာပါ အရှင်မြတ်နှင့်အတူ သီတင်းသုံးနေထိုင်ခဲ့ဖူးသည့် **အရှင်ဇောတိပါလ**နှင့် **ဇီဝက**အမည်ရှိ ဥပသကာတို့ တောင်းပန်သောကြောင့် ရေးသားသည်။ ဤအရှင်ဇောတိပါလမှာ သာရတ္ထပ္ပကာသနီကို ရေးသားရန် တောင်းပန်သူနှင့် အတူတူဖြစ်ဖွယ်ရှိသည်။

ဤအဋ္ဌကထာသည် ဖွင့်လိုသည့် အကြောင်းအရာအပေါ် အရှင်မြတ်၏ ထက်မြက်စူးရှစွာ ရှုမြင်မှုစွမ်းရည်ကိုညွှန်ပြသည့် ကျမ်းပင်ဖြစ်သည်။ စွယ်စုံဆွေးနွေးဖွင့်ဆိုချက်တို့ကား ပြည့်စုံများပြားပြီး နက်ရှိုင်းလှသည်။ ဗုဒ္ဓရှင်တော်မြတ်၏ မဟာသာဝကကြီး ရှစ်ဆယ်တို့၏ ထေရုပ္ပတ္တိများကို ဖော်ပြမှုပါဝင်သည်။

ဒီဃ၊ မဇ္ဈိမ၊ သံယုတ္တ၊ အင်္ဂုတ္တရဟူသော နိကာယ်အဋ္ဌကထာလေးခုလုံး၏ ပဏာမတို့၌ -

'ဣတိ ပန သဗ္ဗံ ယသ္မာ၊ ဝိသုဒ္ဓိမဂ္ဂေ **မယာ** သုပရိသုဒ္ဓံ။
ဝုတ္တံ တသ္မာ ဘိယျော၊ န တံ ဣဓ ဝိစာရယိဿာမိ။
'ထိုအလုံးစုံကို ဝိသုဒ္ဓိမဂ်ကျမ်း၌ **ငါ** ဆိုထား ပြီးဖြစ်၍
ယခုဖွင့်ဆိုမည့် အဋ္ဌကထာ(**သုမင်္ဂလဝိလာသိနီ**စသည်)
၌ထပ်မံ၍ မစိစစ်တော့ပေ'

ဟူသောဖော်ပြချက်ပါရှိသဖြင့် ကျမ်းပြုပုဂ္ဂိုလ်သည် ဝိသုဒ္ဓိမဂ်အပြင် ဖော်ပြပါနိကာယ်လေးကျမ်း၏ အဖွင့်အဋ္ဌကထာကျမ်းများကိုပါ ရေးသားခဲ့ကြောင်း အတိအကျဆိုနိုင်သည်။

**အဋ္ဌသာလိနီ**သည် အဘိဓမ္မာခုနစ်ကျမ်းတွင် ပထမဆုံးဖြစ်သည့် ဓမ္မသင်္ဂဏီပါဠိတော်၏အဖွင့်ဖြစ်သည်။ နိဒါနကထာ၌ သုမေဓာဘဝမှသည် ဗောဓိဉာဏ်ကိုရပြီးနောက် လေးခုမြောက် သတ္တာဟအထိ ဗုဒ္ဓအကြောင်းကို ဖော်ပြသည်။ ထို့ပြင် အဘိဓမ္မာတရားကို ဗုဒ္ဓတာဝတိံသာနတ်ပြည်၌ ဝါဆိုစဉ် နတ်တို့ကိုဟောကြားပြီး နောင်အခါ အရှင်သာရိပုတ္တရာနှင့် တပည့်တို့အား ဟောကြားခဲ့ပုံကို ပြဆိုသည်။ အစဉ်အလာအဆိုအရ အဋ္ဌသာလိနီကို အရှင်မဟာဗုဒ္ဓဃောသပင် ရေးသားသည်ဟု ယုံကြည်ကြသည်။ မဟာဝံသမှတ်တမ်းအရမူ အဋ္ဌသာလိနီကို အိန္ဒိယတွင် ရေးသည် (မဟာဝံသ၊ အခန်း ၃၆၊ ၂၂၅-ဂါထာ)။ သို့ရာတွင် အဋ္ဌသာလိနီ၌ ဝိသုဒ္ဓိမဂ်နှင့် သီဟဠအဋ္ဌကထာ တို့ကို ဖော်ပြသောကြောင့် ကျမ်းပြုပုဂ္ဂိုလ်သည် အနုရာဓ မြို့ မဟာဝိဟာရကျောင်းတိုက်၌ စာပေလေ့လာပြီးနောက် ယင်းကျမ်းကို ပိုမိုပြည့်စုံအောင် ပြန်လည်ပြုပြင် ရေးသားသည်ဟု ဆိုနိုင်သည်[၁]။ အေပီ ဗုဒ္ဓဒတ္တမထေရ်ကမူ အဘိဓမ္မပိဋက၏ အဋ္ဌကထာများကို အရှင်မဟာဗုဒ္ဓဃောသကိုယ်တိုင်၏ တောင်းပန်ချက်ကြောင့် အခြားအမည်မသိပုဂ္ဂိုလ်တစ်ပါး ရေးသည်ဟု ယူဆခဲ့သည်[၂]။

ထိုအရှင်၏ အဓိကအကြောင်းပြချက်မှာ အဋ္ဌသာလိနီကို ဘိက္ခုဗုဒ္ဓဃောသတောင်းပန်၍ ရေးသည်ဟု ယင်းကျမ်းပဏာမ၌ဆိုခြင်း၊ နိကာယ်အဋ္ဌကထာများ၌ကဲ့သို့ 'ဝိသုဒ္ဓိမဂ္ဂေ **မယာ** သုပရိသုဒ္ဓံ'ဟု ဝိသုဒ္ဓိမဂ်ကို မိမိရေးစီရင်ကြောင်း ဖော်ပြသည့် **မယာ**-ကတ္တားပုဒ်မပါခြင်းတို့ကြောင့်ဖြစ်သည်။ သို့ရာတွင် တောင်းပန်သူ ဗုဒ္ဓဃောသကို အဋ္ဌသာလိနီပဏာမ၌ **ဘိက္ခု**-ဟုဆိုပြီး သမ္မောဟဝိနောဒနီပဏာမ၌ **ယတိ**-ဟု သာမန်ဆိုခြင်း၊ အရှင်သံဃပါလမထေရ်သည်ပင် ဝိသုဒ္ဓမဂ်ကို ရေးသားရန်တောင်းပန်ခြင်းခံရသူ အရှင်ဗုဒ္ဓဃောသည် ယုံကြည်ချက်၊ စွမ်းရည်၊ အရွယ်နှင့် ပြည့်စုံပါလျက် အခြားပုဂ္ဂိုလ်အား ရေးသားရန်တောင်ပန်သည်ဆိုခြင်းမှာ မဖြစ်နိုင်ဟုဆိုပြီး ၎င်း၏ယူဆချက်ကို ပညာရှင် အများစု လက်မခံလိုဘဲရှိကြသည်။

သို့ဖြစ်၍ အဋ္ဌသာလိနီကို ရေးသားရန်တောင်းပန်သူမှာ အရှင်မဟာဗုဒ္ဓဃောသနှင့် အမည်တူ **စူဠဗုဒ္ဓဃောသ**ရဟန်းတော်က တောင်းပန်သည်ဟု ဆိုနိုင်သည်။ **သောတတ္ထကီ**ကျမ်းကိုရေးသည့် အခြားနာမည်တူ ဗုဒ္ဓဃောသမထေရ်တစ်ပါး ရှိသေးသည်ဟုဆိုသည်။ သို့သော် ယင်း၏ခေတ်ကာလကိုမူ မသိရ။ ဤထေရုပ္ပတ္တိ၌ပင် အမည်တူဗုဒ္ဓမိတ္တမထေရ်နှစ်ပါးကို တွေ့နိုင်သည်။ ပါဠိစာပေသမိုင်းကို လေ့လာသူတိုင်း ယင်းသို့ သံသယဖြစ်ဖွယ် အမည်တူပုဂ္ဂိုလ်များစွာတို့ကို တွေ့ရမြဲပင်ဖြစ်သည်။

**သမ္မောဟဝိနောဒနီ**သည် အဘိဓမ္မာဝိဘင်းပါဠိတော်အဖွင့်ဖြစ်သည်။ တောင်းပန်သူမှာ 'ယာစိတော ယတိနာ သုဗုဒ္ဓိနာ ဗုဒ္ဓဃောသေန'ဟူသော နိဂုံးဂါထာအရ ကျမ်းပြုသူနှင့် အမည်တူ **အရှင်စူဠဗုဒ္ဓဃောသ**ရဟန်းတော် ဖြစ်သည်။ ဤအဋ္ဌကထာ၌ သီရိလင်္ကာနှင့် ပတ်သက်သည့် ရည်ညွှန်းချက် များစွာပါဝင်ပြီး ယင်းအချက်အလက်များကို အခြားမည် သည့်နေရာတွင်မှ မရနိုင်သဖြင့် သမိုင်းတန်ဖိုးကြီးမားသည်[၃]။ နှောင်းခေတ်ပုဂ္ဂိုလ်တို့ များစွာ ကိုးကားခံသော ရည်ညွှန်းကျမ်းကြီးလည်း ဖြစ်သည်။

**ပဥ္စပကရဏအဋ္ဌကထာ**သည် ဓာတုကထာ၊ ပုဂ္ဂလပညတ္တိ၊ ကထာဝတ္ထု၊ ယမက၊ ပဋ္ဌာန-ဟူသော ကျန်အဘိဓမ္မာ ငါးကျမ်း၏အဖွင့် ဖြစ်သည်။ ဤအဋ္ဌကထာ၌ သီးခြားအမည်နာမ မရှိချေ။ နိဂုံးဂါထာများအရ အဘိဓမ္မာ ခုနစ်ကျမ်းလုံး၏အဖွင့်ကို ပုဂ္ဂိုလ်တစ်ဦးတည်းရေးသားကြောင်း အတိအကျသိရသည်။ **'သဒ္ဓါယ သမာရဒ္ဓါ'** ဟူသော ဖော်ပြချက်အရ ရေးသားရန် တောင်းပန်သူမရှိဘဲ 'စိရ

---

၁ C.A. F. Davids, Buddhist Psychological Ethics, London, 1932, p. xxvii.

၂ Hand Book of Pali Literature, p. 20

၃ Ibid. p. 20

ဋ္ဌိတတ္ထံ ဓမ္မသ' ဗုဒ္ဓဓမ္မအဓွန့်ရှည်စေရန် အရှင်မြတ်၏ သဒ္ဓါတရား သက်သက်ဖြင့် ရေးသားခဲ့သည်။

အသောကမင်း ကျင်းပခဲ့သည့် တတိယသံဂါယနာ၌ နာယက မဟာထေရ်ဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်က ကထာဝတ္ထုကျမ်းကိုရေးသားရသည် အထိဖြစ်ပေါ်စေခဲ့သော အကြောင်းတရားများကို ဖော်ပြချက်ပါရှိသည်။ ပထမသံဂါယနာ၌ ရွတ်ဆို၍ သံဂါယနာတင်ခဲ့သည်မှာ ကထာဝတ္ထု အနှစ်ချုပ်မျှသာဖြစ်ပြီး ယင်းကို အရှင်မောဂ္ဂလိပုတ္တတိဿထေရ်က တတိယသံဂါယနာတွင် အကျယ်တင်ပြခဲ့သည်ဟုဆိုသည်။

အဘိဓမ္မာအဋ္ဌကထာများကို ရေးသားစဉ် မည်သည့်နေရာတွင် သီတင်းသုံးကြောင်း ဖော်ပြထားခြင်းမရှိချေ။ မဟာဝံသ၌ ဖော်ပြသည့် နိကာယ်အဋ္ဌကထာများကို ရေးသားသည့် **'ဒုရသင်္ကရဝိဟာရ**အတွင်း **ဂန္ထာကရ**ကျောင်းပင် ဖြစ်ဖွယ်ရှိသည်။

**ကင်္ခါဝိတရဏီ**သည် ပါတိမောက်၏အဖွင့်ဖြစ်သည်။ တောင်းပန်သူမှာ ဝိနည်းလေးစားပြီး အကျင့်အာစာရနှင့် ပြည့်စုံသော **အရှင်သောဏ**ထေရ်ဖြစ်သည်။ နိဂုံးပါဝါကျ ရှည်၌ အရှင်ဗုဒ္ဓဃောသရေးကြောင်း ဖော်ပြသော်လည်း ခေတ်သစ် သုတေသီများက လက်မခံလိုဘဲရှိကြသည်။ သီဟဠအဋ္ဌကထာနှင့် မဟာဝိဟာရဝါသီ မထေရ်တို့၏ ပို့ချစဉ်ကိုမှီငြမ်းပြု၍ ရေးသည်။ မည်သည့်နေရာတွင် သီတင်းသုံးစဉ် ရေးသားခဲ့သည်ကို ဖော်ပြထားခြင်းမရှိ။

**ဓမ္မပဒအဋ္ဌကထာ**ကို အရှင်ဗုဒ္ဓဃောသရေးသည်ဟူသော အစဉ်အလာအဆိုကို ဆန့်ကျင်သည့် အချက်အလက် အများအပြားကို ခေတ်သစ်သုတေသီတို့ ထောက်ပြကြသည်။ မာလာလာဆေကေရက ဓမ္မပဒအဋ္ဌကထာ၏ ဘာသာစကားနှင့် ရေးသားဟန်တို့မှာ အရှင်ဗုဒ္ဓဃောသ ရေးသည့် အခြားအဋ္ဌကထာများနှင့် ခြားနားသည်ဟု ဆိုခဲ့သည်[၁]။ အေပီဗုဒ္ဓဒတ္တထေရ်ကလည်း ဓမ္မပဒအဋ္ဌကထာကို အရှင်မြတ်၏ လက်ရာမဟုတ်ဟုဆိုသည်[၂]။ အတိအကျ ဆိုရန် ခဲယဉ်းသဖြင့် နိဂုံးအဆိုအတိုင်းသာ မှတ်သင့်သည်။

ကျမ်းပြုပုဂ္ဂိုလ်က တောင်းပန်သူကို **အရှင်ကုမာရကဿပ**ဟုဖော်ပြသည်။ ကျမ်းစာကိုရေးသားစဉ် ကြီးမြတ်သည့်ဘုရင် သိရိကူဋ္ဌ (သီဟိုဠ် **သိရိကုဋ္ဌ**) တည်ဆောက်သည့်ပြာသာဒ်၌ သီတင်းသုံးကြောင်း နိဂုံး၌ဆိုသည်။ သိရိကူဋ္ဌမင်းဟူသည် အရှင်ဗုဒ္ဓဃောသနှင့်ခေတ်ပြိုင် သိရိနိဝါသ **သိရိပါလ**(မဟာနာမ)**မင်း**(၄၀၇-၄၂၉)အဖြစ် အတည်ပြုကြသည်[၃]။ မဟာနာမမင်းသည် ထေရဝါဒရဟန်းတော်များအား **ဓူမရက္ခတောင်**၌ ကျောင်းဆောက်လုပ်လှူဒါန်းကြောင်း မဟာဝံသ(၃၇၊ ၂၁၃)အဆိုနှင့်ညီသည်။ သမန္တပါသာဒိကာကို မဟာနာမမင်း နန်းစံ ၂၀-တွင် ရေးသားပြီးစီးပြီးသည်။ အဆိုပါမင်း နန်းသက်မှာ ၂၂-နှစ် ဖြစ်သဖြင့် ထိုမင်းကွယ်လွန်ပြီးနောက်မှ ဤအဋ္ဌကထာကို ရေးသားခြင်းဖြစ်ဖွယ်သည်။

**ပရမတ္ထဇောတိကာ** အမည်အောက်တွင် **ခုဒ္ဒကပါဌအဋ္ဌကထာ**နှင့် **သုတ္တနိပါတအဋ္ဌကထာ**တို့ ပါဝင်သည်။ အစဉ်အလာအရ အရှင်ဗုဒ္ဓဃောသ ရေးသားကြောင်း ဆိုသော်လည်း ခေတ်သစ်သုတေသီအများစု လက်မခံဘဲရှိကြသည်။ နိဒါန်းနိဂုံးတို့၌ ရေးသားသည့်နေရာနှင့်တောင်းပန်သူတို့ကို ဖော်ပြချက်မပါချေ။ ဤကျမ်းတို့မှာ နိကာယ်အဋ္ဌကထာများ၏ အဆင့်အတန်းကိုမမီဟု ဆိုကြသည်။

အချို့သုတေသီတို့က အိန္ဒိယတွင်ရေးသည့် ပရိတ္တအဋ္ဌကထာဟူသည်ကို ခုဒ္ဒကပါဌအဋ္ဌကထာဟု ဆိုကြ၏။ သို့ဖြစ်လျှင် အရှင်ဗုဒ္ဓဃောသအနေဖြင့် စာပေမရင့်ကျက်သေးမီ ရေးသားခဲ့သည့်ကျမ်းများကိုပင် အမည်သစ်ပေးပြီး သီဟိုဠ်ဘာသာပြန်နှင့် တိုက်ဆိုင်၍ ပြန်လည်ပြင်ဆင်ဖြည့်စွက်သည်ဟု ဆိုနိုင်သည်။

**ဇာတကအဋ္ဌကထာ**ကို အစဉ်အလာအရ အရှင်မဟာဗုဒ္ဓဃောသ ရေးသည်ဟုပင် ယူဆသည်။ ယင်းအစဉ်အလာကို အေဒီဆယ့်တစ်ရာစုခန့်တွင် ရေးသားခဲ့သည့် **ဇာတကအဋ္ဌုပ္ပတ္တိဂဏ္ဌိပဒယ**အမည်ရှိ သီရိလင်္ကာဂဏ္ဌိပဒ၌ မှတ်တမ်းတင်ထားသည်။ သို့ရာတွင် ယင်းအစဉ်အလာ အယူအဆကို ခေတ်သစ်သုတေသီတို့က စိန်ခေါ်ထားကြသည်။ ယင်းတို့တွင် ဂျီပီမာလာလာဆေကေရနှင့် အေပီဗုဒ္ဓဒတ္တတို့မှာ ထိပ်ဆုံးကပါသည်။ ယင်းကျမ်းကို ရေးသားရန်တောင်းပန်ကြသူများမှာ အရှင်အတ္ထဒဿီ၊ အရှင်ဗုဒ္ဓမိတ္တနှင့် **မဟိံသာသက**ဂိုဏ်းဝင် အရှင်ဗုဒ္ဓဒေဝတို့ဖြစ်ကြသည်။ ယင်းသုံးပါးအနက် အရှင်ဗုဒ္ဓမိတ္တမှာ ပပဉ္စသူဒနီကိုရေးသားရန်တောင်းပန်သူ အရှင်ဗုဒ္ဓဃောသ၏ မိတ်ဆွေသို့မဟုတ် တပည့်ပင်ဖြစ်ဖွယ်ရှိသည်။ ထို့ကြောင့် အရှင်ဗုဒ္ဓဃောသလက်ရာမဟုတ်ဟု ဆိုရန်ခဲယဉ်းသည်။

အဋ္ဌကထာကို နိဒါနကထာဖြင့် စတင်သည်။ ယင်းကို သုမေဓကထာ (သူဌေးသားသုမေဓာအကြောင်း)၊ ဒူရေနိဒါန (ပွင့်တော်မူပြီးဘုရားရှင်တို့ထံ၌ ဗုဒ္ဓလောင်းလျာ၏ဘဝ)၊ အဝိဒူရေနိဒါန (တုသိတာနတ်ပြည်၌ မွေးဖွားသည်မှ ဘုရားဖြစ်သည်ထိဘဝ)၊ သန္တိကေနိဒါန (ဗောဓိဉာဏ်ကိုရသည်မှ ပရိနိဗ္ဗာန်စံသည်အထိ) တို့ဖြစ်သည်။ ယင်းနောက် ဇာတကပါဠိတော်မှ ရွေးချယ်ထားသည့် စကားလုံးများနှင့် ဇာတ်တော်များကို ဖွင့်ဆိုသည်။ ဇာတ်တော်တိုင်းတွင် ပစ္စုပ္ပန်ဝတ္ထု၊ အတိတ်ဝတ္ထုနှင့် ဗုဒ္ဓဟောတော်မူသည့် စကားတော်များကိုဖွင့်ဆိုချက်ဟု အပိုင်းသုံးပိုင်းပါသည်။

---

[၁] Pali Literature of Ceylon, p. 96

[၂] HBPL, p. 47

[၃] Pali Literature of Ceylon, p. 96

မှတ်သားဖွယ်တစ်ချက်မှာ **အဝိဒူရေနိဒါန**ခန်း သကျမင်းတို့ ရဟန်းပြုသည်ထိမှာ **မဓုရတ္ထဝိလာသိနီ** (ဗုဒ္ဓဝံသအဋ္ဌကထာ) ဖော်ပြချက်များနှင့် တူညီသည်။ ယင်း ဇာတကအဋ္ဌကထာကို **ပံသိယပနသဇာတကပေါတ** အမည်ဖြင့် သီဟိုဠ်ဘုရင် စတုတ္ထပရက္ကမဗာဟု(၁၃၀၃-၁၃၃၀) သီဟိုဠ်ဘာသာသို့ ပြန်ဆိုခဲ့သည်။ ဤဇာတကအဋ္ဌကထာ မတိုင်မီရော ပေါ်ပြီးနောက်မှပါ ဂါထာစုက္ကိုယနှစ်မျိုးလုံးဖြင့် သီဟိုဠ်ဘာသာ **ဇာတကဝတ္ထု**များရှိခဲ့သည်ဟုဆိုသည်[၁]။ ရေးစ်ဒေးဗစ်ကလည်း 'ရှေးဟောင်းသီဟိုဠ်ဘာသာဖြင့် ရှိခဲ့သည့် ဇာတ်တော်များ ကို အခြေခံသည်' ဟုဆိုခဲ့သည်[၂]။

## မွေးရပ်ဇာတိ

အရှင်ဗုဒ္ဓဃောသထေရုပ္ပတ္တိနှင့် ရေးသားသည့် ကျမ်းစာများနှင့်ပတ်သက်၍ ပညာရှင်များစွာတို့ ဆွေးနွေးထားကြပြီးဖြစ်သည်။ ပါမောက္ခ မာလာလာဆေကေရသည် ထိုအချိန်က လက်လှမ်းမီသရွေ့ အထောက်အထားများကို အခြေပြု၍ နက်ရှိုင်းစွာ ရှင်းပြထားပြီးဖြစ်သည်။ သူ၏ နိဂုံးကောက်ချက်အများစုမှာ ကောင်းမွန်သည်။ ဝါရင့်ပါဠိပညာရှင် အေပီဗုဒ္ဓဒတ္တသည် ရှိသရွေ့ အထောက်အထားအလုံးစုံနီးပါးကို သုံးသပ်လျက် ကျယ်ဝန်းစွာ ဆွေးနွေးထားပြီး ဆက်လက်လေ့လာရဦးမည့် အချက်အလက် များစွာကိုလည်း ထောက်ပြထားသည်[၃]။ အခြားလေးစားထိုက်သည့် ပုဂ္ဂိုလ်မှာ ဘီစီလောဖြစ်သည်။ ၎င်း၏ကျမ်းမှာ အရှင်မဟာ ဗုဒ္ဓဃောသနှင့် လုံးဝပတ်သက်သည်[၄]။ ထို့ပြင် ဤအကြောင်းအရာသည် ပါဠိစာပေနှင့်ပတ်သက်သူ အားလုံးနီးပါးက ကျယ်ပြန့်စွာ ဆွေးနွေးရသော အကြောင်းအရာပင်ဖြစ်သည်။

ဤအဋ္ဌကထာဆရာကြီးနှင့် ပတ်သက်သည့် အချက်များကို အေဒီ ၁၂၁၁-တွင် **မဟာဝံသ**(ဒုတိယပိုင်း)နှင့် **ဒါဌာဝံသ** ကျမ်းတို့ကိုပြုစုသူ အရှင်ဓမ္မကိတ္တိမထေရ်က မဟာဝံသကျမ်း၌ ဖော်ပြထားသည်။ ယင်းမဟာဝံသ (ဒုတိယပိုင်း)သည် သိရိမေဃဝဏ္ဏမင်း(၃၉၉-၃၂၇) လက်ထက်မှစ၍ ပထမ ပရက္ကမဗာဟု(၁၁၅၃-၁၁၈၆)အထိ သမိုင်းစဉ်ကိုဖော်ပြသည်။ ထိုအချိန်က အရှင်ဓမ္မကိတ္တိတွင် လိုသလို အချိန်မရွေးအသုံးပြုနိုင်သော အလွန်ရှေးကျသည့် ကျမ်းဟောင်းများရှိနိုင်သည်။ သို့ဖြစ်၍ အဆိုပါ မဟာဝံသကျမ်း (ဒုတိယပိုင်း)သည် စစ်မှန်သည့် သတင်းအချက်အလက်များ ဖြစ်ဖွယ်ရှိသည်။ အရှင်ဗုဒ္ဓဃောသရေးသည့် ကျမ်းစာများ၌လည်း အချို့သတင်းအချက်များပါရှိသည်။ သို့ရာတွင် အေဒီ ၁၅-ရာစုမတိုင်မီရေးသည့် အရှင်မဟာမင်္ဂလမထေရ်၏ ဗုဒ္ဓဃောသုပ္ပတ္တိကျမ်းကား များစွာအထောက်အကူ မပြုချေ။ အကြောင်းမူ ကျမ်းပြုသူသည် စစ်မှန်သည့် အချက်အလက် အနည်းငယ်သာ ဖော်ပြနိုင်သောကြောင့်ဖြစ်သည်။ **သဒ္ဓမ္မသင်္ဂဟ**နှင့် **သာသနဝံသ** ကျမ်းတို့လည်း မဟာဝံသနှင့် ဗုဒ္ဓဃောသုပ္ပတ္တိကျမ်းသို့ လိုက်၍ပင်ဆိုသောကြောင့် များစွာအထောက် အကူမပြုချေ။

### (၁)မဟာဝံသအဆို

**မဟာဝံသ**(ဒုတိယပိုင်း)၌ဖော်ပြသည့် အရှင်မဟာဗုဒ္ဓဃောသ၏အတ္ထုပ္ပတ္တိမှာ ဤသို့ဖြစ်သည်-

အရှင်မြတ်သည် အိန္ဒိယအလယ်ပိုင်း၊ ဂယာအရပ်ဒေသရှိ ဗောဓိမဏ္ဍိုင်အနီး၌ ပုဏ္ဏားလုလင်အဖြစ် ဖွားမြင်ခဲ့သည်။ ဝိဇ္ဇာသိပ္ပံပညာရပ်များ၊ သီဆိုတီးမှုတ်ခြင်းစသော အတတ်ခြောက်ဆယ့်လေးမျိုးနှင့် ဗေဒသုံးပုံတို့ကို တစ်ဖက်ကမ်းပေါက် တတ်မြောက်သည်။ သူသည် အယူဝါဒအမျိုးမျိုးကိုတတ်ကျွမ်းပြီး ဝါဒရေးရာတွင် ရဲရင့်လှသည်။ အချေအတင်ဝါဒစစ်ပွဲ ဆင်နွှဲလိုသဖြင့် အိန္ဒိယတစ်ခွင် လှည့်လည်၍ ဝါဒပြိုင်ဆိုင် ပြောဆိုခဲ့သည်။ (မဟာဝံသ၊ ၃၇၊ ၂၁၅-၂၁၆ဂါထာ)။

ယင်းသို့လှည့်လည်ရင်း ကျောင်းတိုက်တစ်ခုသို့ရောက်စဉ် ညအချိန်၌ ပတဉ္ဇလိ၏ဝါဒကို ပုဒ်ပါဌ်အပြည့်အစုံသံနေသံထားဖြင့် ပြန်လည်သုံးသပ်၍ ရွတ်ဖတ်သည်။ (၎င်း ၂၁၆-ဂါထာ)။ ထိုကျောင်းတိုက်၌ သီတင်းသုံးနေသော အရှင်ရေဝတမထေရ်မြတ်သည် "ဤလုလင်ကား ပညာဉာဏ်ကြီးမား၏၊ (ထို့ကြောင့်)ဆုံးမသင့်သည်"ဟု ဆင်ခြင်ပြီး "မြည်းအ၏အသံဖြင့် တွန်မြည်နေသူကား မည်သူနည်း" ဟုမေးမြန်း၏။ ပုဏ္ဏားလုလင်က "မြည်းသံ၌ အနက်အဓိပ္ပါယ်ကို သိ၏လော"ဟု ပြန်၍မေးသည်။ "သိ၏"ဟု မထေရ်ကဆိုသောအခါ လုလင်က မိမိ၏ဝါဒကိုတင်ပြ၏။ မေးသမျှကို မထေရ်က ဖြေဆိုနိုင်သည့်ပြင် ချွတ်ယွင်းချက်များကိုလည်း ထောက်ပြ၏။

မေးမြန်းပြီးသောအခါ လုလင်က "အရှင်ဘုရားလည်း မိမိ၏ဝါဒကို တင်ပြဦးလော့"ဟု ဆိုသည်။ အရှင်ရေဝတမထေရ်က အဘိဓမ္မာပါဠိတော်ကို ဟောပြောသောအခါ အနက်အဓိပ္ပါယ်ကို နားမလည်သဖြင့် "မည်သူ့မန္တန်နည်း" ဟု လုလင်ကမေး၏။ အရှင်မြတ်က ဗုဒ္ဓမန္တန် ဖြစ်ကြောင်း ဖြေဆိုသောအခါ သင်ယူလိုကြောင်း တောင်းပန်သဖြင့် အရှင်မြတ်က ရဟန်းပြုပြီးမှသင်ပေးမည် ဟုဆိုသည်။ လုလင်သည် မန္တန်ကိုအလိုရှိသောကြောင့် ရဟန်းပြုပြီး ပိဋကတ်သုံးပုံကိုသင်ယူသည်။ နောင်အခါ ဓမ္မအစစ်အမှန်ဖြစ်သည်ကို သဘောပေါက်သွားသည်။

---

[၁] HBPL, p. 63

[၂] A Histotry of Pali Literature, Vol. p. 376

[၃] Cprrections to Geiger's Mahavamsa, p 142-157

[၄] B.C. Law, Life and Works of Buddhaghosa, 1932

ပိဋကတ်ကို သင်ယူတတ်မြောက်သွားပြီးသောအခါ မြတ်စွာဘုရား၏ အသံတော်ကဲ့သို့ အသံမြည်ဟိန်းပုံကို ထောက်ဆပြီး မြတ်စွာဘုရားကဲ့သို့ ထင်ရှားမည်ကို ရည်ရွယ်လျက် သမိုင်းဆရာတို့သိသော **'ဗုဒ္ဓဃောသ'** ဟူသော အမည်ကို ဥပဇ္ဈာယ်ဆရာတို့က မှည့်ခေါ်ကြသည်။

မိလိန္ဒပဉှအဖြေရှင် **အရှင်နာဂသေန**၊ တတိယသံဂါယနာ သံဃာ့ခေါင်းဆောင် **အရှင်မောဂ္ဂလိပုတ္တတိဿ**နှင့် **အရှင်မဟာဗုဒ္ဓဃောသ**တို့ ဗုဒ္ဓအဆုံးအမအောက်သို့ ရောက်လာပုံ နောက်ခံအကြောင်းများမှာ ခပ်ဆင်ဆင်တူကြသည်။ ထူးခြားသည့် ပါရမီရှင်များတွင် ဖြစ်ရပ်ဆန်းများ ဖြစ်ပေါ်တတ်သည့်အတိုင်း အနည်းဆုံးတော့ ထိုအရှင်မြတ်များအနေဖြင့် အဆုံးအမသစ်တစ်ရပ်ကို လက်ခံနိုင်ရန် အချေအတင် ဆွေးနွေးမှုများရှိခဲ့သည်ဟု ယူသော် ယုတ္တိနှင့်မဆန့်ဟု ဆိုနိုင်ရာသည်။

အရှင်ဗုဒ္ဓဃောသလောင်းလျာသည် ထိုကျောင်းတိုက်၌ပင် **ဉာဏောဒယ**ကျမ်းနှင့် **အဋ္ဌသာလိနီ**ကျမ်းတို့ကို စီရင်သည်။ ထို့နောက် **ပရိတ္တအဋ္ဌကထာ**ကို စီရင်ရန်အား ထုတ်စဉ် ဆရာဖြစ်သူ အရှင်ရေဝတမထေရ်က ဇမ္ဗူဒိပ် (အိန္ဒိယ အလယ်ပိုင်း)၌

-ပါဠိတော်သာရှိပြီး အဋ္ဌကထာများမရှိခြင်း

-အာစရိယဝါဒ ကွဲပြားမှုမရှိခြင်း

-သီဟိုဠ်ကျွန်း၌ အရှင်မဟိန္ဒရေးသားခဲ့သော သံဂါယနာ သုံးတန်တင် သီဟိုဠ်ဘာသာအဋ္ဌကထာများရှိခြင်း

တို့ကြောင့် သီဟိုဠ်ကျွန်းသို့သွား၍ ယင်းသီဟိုဠ်ဘာသာအဋ္ဌကထာများကို မာဂဓီ(ပါဠိ)ဘာသာဖြင့် ပြန်ဆိုမှု လူအများအကျိုးရှိလိမ့်မည်ဟုမိန့်ကြားသည်။ (မဟာဝံသ ၃၇၊ ၂၂၈-၂၂၉-၂၃၀ ဂါထာ)။

သို့ဖြင့် အရှင်မဟာဗုဒ္ဓဃောသသည် သူတော်ကောင်းရဟန်းတော်များ သီတင်းသုံးတော်မူကြလျက် ဒက္ခိဏသာခါ (လက်ယာတောင်ကိုင်း) မဟာဗောဓိပင်၊ မဟာစေတီ၊ လောဟပါသာဒ စသည်တို့တည်ရှိသော မဟာဝိဟာရကျောင်းတိုက်ကြီးသို့ ရောက်ရှိသွားပြီး **ပဓာနဃရ**ခေါ် ကမ္မဋ္ဌာန်းကျောင်းကြီးတွင် **အရှင်ဗုဒ္ဓမိတ္တ**နှင့် **အရှင်သံဃပါလ**မထေရ်မြတ်ထံမှ သီဟိုဠ်ဘာသာ အဋ္ဌကထာအားလုံးနှင့်ထေရဝါဒကို ကြားနာသင်ယူပြီးလျှင် ဤသည်သာ မြတ်ဗုဒ္ဓအလိုတော်ဖြစ်သည်ဟု ဆုံးဖြတ်နိုင်ခဲ့သည်။

ထို့နောက် အရှင်မြတ်သည် ပိဋကတ်သုံးပုံ၏ အဋ္ဌကထာသစ်များကို ပါဠိဘာသာဖြင့်ရေးသားရန် တောင်းပန်သောအခါ ခွင့်ပြုချက်မရမီ ယင်းကိစ္စ ဆောင်ရွက်ရန် စွမ်းရည်ရှိမရှိ စမ်းသပ်ခံရသည်။ သို့ဖြင့် ပိဋကတ်သုံးပုံနှင့် အဋ္ဌကထာတို့ကို အခြေခံ၍ လိုအပ်သည့် ဗုဒ္ဓဝါဒဆိုင်ရာ အနှစ်သာရအားလုံး ပါဝင်စေလျက် ရှင်းလင်းတိကျသည့် **ဝိသုဒ္ဓိမဂ်**ကျမ်းကို ရေးသားသည်။

ရေးပြီးကျမ်းကို နတ်ဒေဝါတို့ ဝှက်ထားသဖြင့် သုံးကြိမ်တိုင်တိုင် ပြန်ရေးရသည်။ နတ်ဒေဝါတို့က ဝှက်ထားပြီးကျမ်းများကို ပြန်ပေးသဖြင့် ယင်းသုံးကျမ်းလုံးကို တိုက်ဆိုင်ဖတ်ရှုသောအခါ ဝါကျတစ်ကြောင်းမျှပင် ကွဲလွဲခြင်းမရှိသဖြင့် သံဃာတော်များက 'ဤသည်ကား မေတ္တေယျဘုရားအလောင်း အမှန်ဖြစ်၏'ဟု မိန့်တော်မူကြသည်။

အနုရာဓပုရမြို့၌ အရှင်ဗုဒ္ဓဃောသမည်မျှ ကြာသည်အထိ သီတင်းသုံးခဲ့သည်ကို မသိရသော်လည်း တစ်နှစ်ကြာရေးရသည့် သမန္တပါသာဒိကာလို ကျမ်းစာပေါင်း တစ်ဆယ်ထက်မနည်း ရေးသားခဲ့သဖြင့် စာပေသင်ယူသည့်နှစ်များအပါအဝင် အနည်းဆုံး ဆယ်နှစ်၊ ဆယ့်ငါးနှစ်ခန့် သီရိလင်္ကာ၌ သီတင်းသုံးခဲ့သည်ဟု ဆိုနိုင်ဖွယ်ရှိသည်။

သမိုင်းက အရှင်မြတ်သည် ဘာသာပြန်ကိစ္စပြီးဆုံးသောအခါ **မဟာဗောဓိ**ကို ဖူးမြော်ရန် အိန္ဒိယသို့ပြန်ကြွကြောင်းဆိုသဖြင့် အိန္ဒိယတွင် ပါဠိဘာသာ ပြန်လည်ဆန်းသစ်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ဖွယ်ရှိသည်။ ဆယ်စုနှစ် ၂-ခုနီးပါးမျှ မွေးရပ်မြေနှင့် ဝေးကွာနေပြီးနောက် မွေးရပ်မြေလည်းဖြစ် မြတ်ဗုဒ္ဓပွင့်တော်မူရာသေဒလည်းဖြစ်သည့် မဟာဗောဓိသို့ ပြန်ကြွသည်ဟုဆိုနိုင်သည်။ အရှင်မြတ်၏ ဘဝနိဂုံးပိုင်းအချိန်နှင့် ပျံလွန်တော်မူသည့်ကာလနှင့် ပတ်သက်၍ တိမ်မြုပ်ဆဲဖြစ်သည်။

**မဟာဝံသ**အဆိုကို အနှစ်ချုပ်သော် အိန္ဒိယအလယ်ပိုင်း၊ ဂယာအရပ်ရှိ ဗောဓိမဏ္ဍိုင်အနီး၌ဖွားမြင်သူ အရှင်ဗုဒ္ဓဃောသသည် ဝေဒကျမ်းများကို တတ်မြောက်ပြီးနောက် ဗုဒ္ဓဝါဒတရားတော်များကို ကြားနာရသဖြင့် **ထေရဝါဒကျောင်းတိုက်**တစ်ခု၌ အရှင်ရေဝတမထေရ်ထံ ရဟန်းပြုလျက် ပိဋကတ်သုံးပုံကို သင်ယူသည်။ ထို့နောက် သီရိလင်္ကာသို့ကြွပြီး ထေရဝါဒကိုလေ့လာလျက် အဋ္ဌကထာကျမ်းများကို မာဂဓီဘာသာဖြင့်ရေး၏ ဟုဖြစ်သည်။

ထိုအချိန်က ဂယာမြို့နီး ဗောဓိမဏ္ဍိုင်၏ မြောက်ဘက်၌ ထင်ရှားကျော်ကြားသည့် မဟာဝိဟာရဝါသီတို့၏ အဆက်အနွယ် ကျောင်းတိုက်ကြီးတစ်ခု ရှိနေပြီဖြစ်သည်။

အေဒီ လေးရာစု၏ ပထမနှစ်ဝက်တွင် **သီရိမေဃဝန**မင်း (အေဒီ ၃၀၄-၃၃၂)၏ ညီငယ် (ထိုအချိန်ကရဟန်းတော်)သည် အိန္ဒိယရှိ ဗုဒ္ဓဝင်နေရာတော်များသို့ ဘုရားဖူးခရီးထွက်ခဲ့စဉ် နေထိုင်ရေး အခက်အခဲရှိခဲ့သဖြင့် သီဟိုဠ်သို့ပြန်ရောက်သောအခါ ထိုအကြောင်းကို အစ်ကိုဖြစ်သူအား တင်ပြသည်။ သို့ဖြစ်၍ အစ်ကိုမင်းကြီးက အိန္ဒိယဘုရင်ထံ ဗုဒ္ဓဝင်နေရာတော်များ၏အနီး၌ လူအများနားနေရန် ဇရပ်များ ဆောက်လုပ်ခွင့်တောင်းသည်။

အိန္ဒိယဘုရင်က ခွင့်ပြုသဖြင့် မင်းကြီးသည် မဟာဗောဓိစေတီတော်ဝင်း၏ မြောက်ဖက်တွင် မဟာဗောဓိဝိဟာရကို တည်ဆောက်ခဲ့သည်။ ယင်းကျောင်းတိုက်၏

တံခါးပျက်နေရာမှ တူးဖော်ရရှိသော ကြေးပြားစာတွင် ‘ခွဲခြားခြင်းမရှိဘဲ လူအားလုံးကို ကူညီခြင်းသည် ဘုရားရှင်အားလုံးတို့၏ အမြင့်မြတ်ဆုံး ဩဝါဒတော်ဖြစ်၏’ ဟုဖော်ပြထားသည်။ နှောင်းခေတ် ရာစုများတွင် ယင်းကျောင်းတိုက်သည် အိန္ဒိယရှိ နာလန္ဒာ၊ ဝိက္ကမသိလာတက္ကသိုလ်များနှင့်အဆင့်တူ ထေရဝါဒအဆုံးအမကို သင်ကြားပို့ချသည့် ဗုဒ္ဓတက္ကသိုလ်ဖြစ်လာသည်။

မဟာဗောဓိကျောင်းတိုက်သည် တိဗက်ရဟန်းတော် **ဓမ္မသာမိ** အိန္ဒိယသို့ ဘုရားဖူးရောက်ချိန် အေဒီ ၁၃-ရာစုအထိ ဧည့်ဝတ်ကျေပွန်မှု အစဉ်အလာကို ထိန်သိမ်းထားဆဲဖြစ်သည်။ ယနေ့ခေတ်တွင် မဟာန့်နန်းတော်မှသည် မဟာဗောဓိအသင်းတိုက်နှင့် တိဗက်ကျောင်းနောက်ဘက်အထိရောက်သော ကုန်းမြင့်ရှည်ကြီးအောက်တွင် တည်ရှိသည်။ ဗုဒ္ဓဂယာကို ရဟန်းတော်များ စွန့်ခွာခဲ့ကြပြီးနောက် မဟာဗောဓိကျောင်းတိုက်ကို ဒေသဆိုင်ရာ အကြီးအကဲများက ခံတပ်အဖြစ် အသုံးပြုခဲ့ကြသည်။

အရှင်ဗုဒ္ဓဃောသ အရှင်ရေဝတနှင့်တွေ့ပြီး ရဟန်းအဖြစ်ကိုခံယူခဲ့သည်မှာ ဤမဟာဗောဓိဝိဟာရဖြစ်ဖွယ်ရှိသည်။ သီရိလင်္ကာသို့မကြွမီ **အဋ္ဌသာလိနီ**နှင့် ယခုပျောက်ဆုံးသွားပြီဖြစ်သည့် **ဉာဏောဒယ**ကျမ်းတို့ကို ရေးသားခဲ့သည်မှာ ဤကျောင်းတိုက်၌ပင် ဖြစ်ဖွယ်ရှိသည်[၁]။

အရှင်မဟာဗုဒ္ဓဃောသသည် ပိဋကတ်သုံးပုံကို သင်ယူပြီးနောက် သီရလင်္ကာသို့အကြွတွင် ထိုအချိန်က ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားနေသည့် အိန္ဒိယတောင်ပိုင်း၊ မဒရပ်မြို့အနီး **မယူရဒူတ**သင်္ဘောဆိပ်နှင့် **ကဉ္စိပုရ**မြို့စသည်တို့၌ သီတင်းသုံးနေထိုင်လျက် အန္ဓကဘာသာ စကားနှင့်ရှိသည့် အန္ဓကအဋ္ဌကထာကို လေ့လာဖွယ်သည်။ တစ်ဖန် သီဟိုဠ်အဋ္ဌကထာများကို လေ့လာရန် သီဟိုဠ်သို့ကြွသွားသည်ဟု ဆက်စပ်၍ တွေးယူနိုင်ရာသည်။

နတ်ဒေဝါတို့ ဝှက်ထားသည်ဆိုခြင်းနှင့် ပတ်သက်၍ ဝိသုဒ္ဓိမဂ်စာတော်မူသည် တစ်ချိန်တွင် အကြောင်းတစ်ခုကြောင့် ပေချပ်များ သို့မဟုတ် ကဏ္ဍတစ်ခု ရုတ်တရက်ပျောက်ဆုံးသွားသဖြင့် ပြန်ရေးရသည်၊ ပျောက်သွားသည့်စာမူကိုပြန်ရ၍ တိုက်ဆိုင်ကြည့်သောအခါ စာမူနှစ်ခုတူနေသည်ဟုယူလျှင် ဖြစ်နိုင်သည်။ မြန်မာစာဆို အရှင်မဟာရဋ္ဌသာရလည်း ထိုအဖြစ်မျိုးကြုံဖူးသည်။ ရုတ်တရက် ပြည်မြို့သို့ လိုက်ပါရစဉ် တပည့်များထံမှ ကိုးခန်းပျို့၏ ရှေ့ ၈-ခန်းကို သာရသွားသဖြင့် ဇာတ်ပေါင်းခန်းကိုပြန်ရေးရသည်။ နောင်အခါတွင် ရေးပြီးစာမူဟောင်းကို ပြန်ရသည်ဟုအဆိုရှိသည်။ စာမူနှစ်ခု တူမတူကိုမူ မသိရချေ။

အဘယ်ကြောင့် မဟာဝံသအဆိုကို ယင်းသို့ ဖြည့်၍ယူရသနည်းဟူမူ အရှင်ဗုဒ္ဓဃောသအကြောင်းကို ရေးသူအရှင်ဓမ္မကိတ္တိဆရာသည် အရှင်ဗုဒ္ဓဃောသကို ကြည်ညိုပြီးဖြစ်သည့်အတိုင်း သဒ္ဓါအရင်းခံဖြင့်ရေးစဉ် တစ်ခါတစ်ရံ ယုတ္တိနယ်ကို ကျော်လွန်သွားသဖြင့် ခေတ်သစ်သုတေသီတို့ လက်ခံနိုင်သည့်နည်းကို စဉ်းစားရသောကြောင့်ဖြစ်သည်။

## (၂) ပညာရှင်များ၏အဆို

ပညာရှင်များသည် အရှင်မဟာဗုဒ္ဓဃောသ၏ ဇာတိဒေသနှင့်ပတ်သက်၍ အရှင်မြတ်ရေးခဲ့သော ကျမ်းစာများမှထုတ်နုတ်ပြီး သဲလွန်စများ ရနိုင်သမျှရှာဖွေကြရာတွင် သမန္တပါသာဒိကာ၌ အောက်ပါ ဖော်ပြချက်တစ်ရပ်တွေ့ရသည်-

> ‘ယံ ပန အန္ဓကဋ္ဌကထာယံ ‘အပရိက္ခိတ္တေ ပမုခေ အနာပတ္တီ’တိ ဘူမိယံ ဝိနာ ဇာတိယာ ပမုခံ သန္ဓာယ ကထိတ’န္တိ ဝုတ္တံ။ တံ အန္ဓကရဋ္ဌေ ပါဠေက္ကသန္ဓိဝေသာ ဧကစ္စဒနာ ဂဗ္ဘပါဠိယော သန္ဓာယ ဝုတ္တံ။
>
> “အန္ဓကအဋ္ဌကထာ၌ ‘အရံအတားမရှိသော မျက်နှာစာအရပ်၌ အာပတ်မသင့်ဟူသောစကားကို အကျည်ခုံမြင့်မရှိသောမြေအပြင်၌ မျက်နှာစာအရပ်ကို ရည်ရွယ်၍ဆိုသည်’ဟူသောစကားမှာ အန္ဓကနိုင်ငံ၌ သီးခြားတည်နေကုန်သော အမိုးတစ်ခုတည်းသာရှိကုန်သော တိုက်ခန်းအစဉ် (တန်းလျားအဆောက်အအုံ)တို့ကို ရည်ရွယ်၍ ဆိုသော စကားဖြစ်သည်”

အထက်ပါစကား၌‘အန္ဓကအဋ္ဌကထာဟူသည် အန္ဓကတိုင်းသား မထေရ်တို့စီရင်သော အဋ္ဌကထာဖြစ်သည်။ အရှင်မဟာဗုဒ္ဓဃောသသည် အန္ဓကအဋ္ဌကထာ၌ ရည်ရွယ်ချက်ဖြင့် ဆိုသောစကား၊ အန္ဓကနိုင်ငံ၌ ဆောက်လုပ်သော တိုက်ခန်းအစဉ် (တန်းလျားအဆောက်အအုံ)တို့၏ တည်နေပုံအခြင်းအရာကို ကောင်းစွာနားလည်သည်’ ဟူသောအချက်ကိုသိရသည်။ ထို့ကြောင့် အရှင်မဟာဗုဒ္ဓဃောသအား အန္ဓကနိုင်ငံ(အရပ်)သား မဟုတ်ဟုလည်း မငြင်းဆိုနိုင်ဟု ဆိုသည်[၂]။ ဤ၌ အန္ဓကအဋ္ဌကထာကို ကောင်းစွာလေ့လာသင်ယူဖူးသောကြောင့်လည်း အထက်ပါအတိုင်း ယင်းအဋ္ဌကထာ၏ ရည်ရွယ်ချက်ကို တိကျစွာဖွင့်ဆိုနိုင်မည်သာဖြစ်သည်။

ဇတုကဏ္ဏိကမထေရ်ကို ဖူးမြော်ရန် ရောက်လာကြသူများတွင် အန္ဓကတိုင်းသားတို့ ပါဝင်သည်။ (အပါဒါန ၁၊ ၄၂၀)အန္ဓကနိုင်ငံသည် ဂေါဓာဝရီမြစ်ကမ်း၌ရှိသည်။ ယင်းမြစ်ကမ်း၌ တစ်ချိန်က ဂေါဓာဝရီဆရာကြီး နေဖူးသည်။ အဆိုပါသုတ်ဝတ္ထုဂါထာ၌ ဖော်ပြသည့်**အဿက**နှင့်**အဠက** တို့ကို အန္ဓကနိုင်ငံ၏ ဘုရင်များဖြစ်ကြောင်း ယင်းအဋ္ဌ

[၁] S. Dhammika, A History of Buddha Gaya, BuddhaNet.net (Web Site)

[၂] ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ၊ စာ-၃၂။

ကထာ၌ ဖွင့်ဆိုသည်။ (သုတ္တနိ-ဌ ၂၊ ၂၉၆) ယင်းအန္ဓက နိုင်ငံသည် ယခုအခါ အိန္ဒိယအရှေ့ဖျား ကရဆန (Krsna) နှင့် ဂေါဓာဝရီ မြစ်နှစ်ခုအကြားတွင် တည်ရှိသည်[၁]။

အချို့ပညာရှင်များက အရှင်ဗုဒ္ဓဃောကို အိန္ဒိယ တောင်ပိုင်းသားအဖြစ် ဖော်ပြကြသည်။ ယင်းသို့ဖော်ပြရာ၌ အကြောင်းပြချက် လေးရပ်ရှိသည်။

ပဌမအကြောင်းပြချက်မှာ အဋ္ဌကထာ ဋီကာတို့ကို စီရင်သော မထေရ်အများစုသည် အိန္ဒိယတောင်ပိုင်းသား ချည်းဖြစ်ကြသောကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် ဗုဒ္ဓ ဝံသအဋ္ဌကထာ၊ အဘိဓမ္မာဝတာရအဋ္ဌကထာ၊ ဝိနယ ဝိနိစ္ဆယနှင့် ဥတ္တရဝိနိစ္ဆယအဋ္ဌကထာတို့ကို ပြုစုစီရင်သော အရှင်ဗုဒ္ဓဒတ္တမထေရ်သည် စောဠတိုင်း၊ တမ္ဗပဏ္ဏိမြစ်အနီး ဥရဂပုရမြို့သားဖြစ်သည်။ ဤမထေရ်သည် အရှင်မဟာ ဗုဒ္ဓဃောသနှင့် ခေတ်ပြိုင်လည်းဖြစ်သည်။ ပရမတ္ထဝိနိစ္ဆယ ကျမ်း၊ နာမရူပပရိစ္ဆေဒကျမ်း၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်းတို့ ကိုစီရင်သော အရှင်အနုရုဒ္ဓါသည် ကဉ္စိဝရတိုင်း၊ ကာဝေရိ မြို့သားဖြစ်သည်။ ထို့ပြင် ဝိသုဒ္ဓမဂ္ဂမဟာဋီကာ၊ ပရမတ္ထ ဒီပနီအဋ္ဌကထာများနှင့် သုတ္တန်ဋီကာစသည်ကို စီရင်သော အရှင်ဓမ္မပါလမထေရ်လည်း အိန္ဒိယတောင်ပိုင်း၊ ကဉ္စိပုရမြို့ သားဖြစ်သည်။

နောက်တစ်ချက်မှာ အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ နိဂုံး၌ အောက်ပါဖော်ပြချက် ဖြစ်သည်-

“အာယာစိတော သုမတိနာ၊
ထေရေန ဘဒန္တဇောတိပါလေန။
ကဉ္စိပုရာဒိသု မယာ၊ ပုဗ္ဗေ သဒ္ဓိံ ဝသန္တေန။
‘ကဉ္စိပုရမြို့စသည်တို့၌ ရှေးက ငါနှင့်အတူနေဖူးသော ဉာဏ်ပညာနှင့်ပြည့်စုံသည့် **အရှင်ဇောတိပါလ**မထေရ် တောင်းပန်သောကြောင့် မနောရထပူရဏီအဋ္ဌကထာ ကို (ရေးစီရင်သည်)’။

ဤ၌ဖော်ပြသည့် **ကဉ္စိပုရ**(ကဉ္စိဝရလည်းဟူ) မြို့ဟူ သည် မဒရပ်မြို့ အနောက်တောင်ဖက် ၄၅-မိုင်ဝေးသော အရပ်၌ ယခုအခါ ကွမ်ဂျီဗာရမ် (Conjevaram) ခေါ်သော မြို့ဖြစ်သည်[၂]။

တတိယမှာ မဇ္ဈိမနိကာယ်အဋ္ဌကထာနိဂုံး၌ ဖော်ပြချက် ဖြစ်သည်-

“အာယာစိတော သုမတိနာ၊ ထေရေန ဘဒန္တဗုဒ္ဓမိတ္တေန။
ပုဗ္ဗေ မယူရဒူတပ-ဋ္ဋနမှိ သဒ္ဓိံ နိဝသန္တေန။
“မယူရဒူတသဘော်ဆိပ်၌ ရှေးကငါနှင့်အတူနေဖူးသော ဉာဏ်ပညာနှင့်ပြည့်စုံသော အရှင်ဗုဒ္ဓမိတ္တထေရ်တောင်း ပန်သောကြောင့် (ပပဉ္စသူဒနီကို ပြုစီရင်သည်)”

ဤ၌ ဖော်ပြသည့် မယူရဒူတသဘော်ဆိပ် ဟူသည် ယခုအခါ မဒရပ်မြို့အနီး မိုက်လပိုရ် (Mylapore) အရပ် ဖြစ်သည်[၃]။ **မယူရဒူတကို မယူရရူပပဋ္ဋန၊ မယူရသုတ္တ ပဋ္ဋန**ဟုလည်း စာလုံးပေါင်းကြသည်။

စတုတ္ထအကြောင်းပြချက်မှာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနိဂုံး အပြီး လုပ်စွာဖွဲ့ဆိုထားသည့် အရှင်ဗုဒ္ဓဃောသ၏ဂုဏ် ရည်ပြ ဝါကျရှည်ကြီးဆုံးခါနီး၌ တွေ့ရသော **“မောရဏ္ဍ ခေဋကဝတ္တဗ္ဗေန”**ဟူသော ပုဒ်ဖြစ်သည်။ **မုဒန္တခေဒက၊ မုရဏ္ဍခေဋ္ဋက**ဟုလည်း ရေးသားကြသည်။ ယင်းအရပ် သည် ယခုမည်သည့်အရပ်ဖြစ်ကြောင်း မသိသေးသော် လည်း အရှင်မြတ်မွေးဖွားရာအရပ် ဖြစ်ဖွယ်ရှိသည်။ ယင်း အရပ်ကို နာဂရဇ္ဇုကောဏ္ဍ (Nāgarjjunakonda) ၅၁-မိုင် ၊ အမရာဝတီ (Amrāvatī) မှ ၅၈-မိုင် အကွာရှိ ကောတ နေမလိပူရိ (Kotanemalipuri)နှင့် ဂုန္ဒလပလ္လိ (Gundla-palli) ဆက်နေသည့် ရွာနှစ်ခုဖြစ်ကြောင်း ဆိုသည်။ ယင်း ဒေသ၌ ဗုဒ္ဓဘာသာဆိုင်ရာ အပျက်အစီးများတွေ့ရသည်။

သက္ကတပုဒ် **ခေဋ**-ဟူသည် ရွာ၊ တောင်သူလယ် သမားတို့၏နေရပ်၊ မြို့ငယ်ဖြစ်ပြီး၊ **ခေဋက**-ဟူသည် ထို နေရာ၌ နေထိုင်မွေးဖွားသူဟု အဓိပ္ပါယ်ရသည်။ နေမလိ- ဟူသည် တေလေဂူ (Telegu)ဘာသာစကားဖြစ်ပြီး မောရ = ဥဒေါင်း ဖြစ်သည်။ ဂုန္ဒလ-ဟူသည် အဏ္ဍ=ဥ ဖြစ်သည်။ သို့ဖြစ်၍ ယင်းဒေသနှစ်ခုသည် ရှေးအခေါ် မောရဏ္ဍ ခေဋက-ဖြစ်ဖွယ်ရှိပြီး အရှင်ဗုဒ္ဓဃောသ၏ မွေးရပ်မြေဖြစ် နိုင်သည်ဟု ပညာရှင်တို့ဆိုကြသည်[၄]။ ဖော်ပြပါပုဒ်သည် ပါဠိသုံးမဆန်ခြင်း၊ ဝိသေသျပုဒ်၏နောက်၌ သီးခြား တည်ရှိခြင်း၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာမှတစ်ပါး ကျန်အဋ္ဌကထာ ကျမ်းတို့၌ မပါခြင်းတို့ကြောင့် အရှင်ဗုဒ္ဓဃောသ၏ မွေးရပ် ဇာတိကိုသိသူ ခေတ်ပြိုင်ပုဂ္ဂိုလ်တစ်ယောက်က ထည့်သွင်း ခဲ့ဖွယ်ရှိသည်ဟုဆိုသည်။

သို့သော် ဤအဆိုမှန်လျှင် မဟာဝံသအဆို မှားမည် ဖြစ်သောကြောင့် ဤအဆိုမှန်ကန်ကြောင်းပြသရန် အိန္ဒိယ တောင်ပိုင်းဒေသနှင့် သီဟိုဠ်အကြား ဆက်သွယ်မှုအတွက် ပိုမိုခိုင်လုံသည့် ဖော်ပြချက်များ လိုသေးကြောင်း ဘိက္ခု ဉာဏမောဠိမထေရ်ကထောက်ပြခဲ့သည်[၅]။

သီဟိုဠ်ဘုရင် ဒုတိယပရက္ကမဗာဟုမင်း(အေဒီ ၁၂၃၆-၁၂၆၈)သည် ထီနန်းအရိပ်အရာကို သားတော် ဗောဓိသတ္တ ဝိဇယဗာဟု (အေဒီ ၁၂၇၁-၁၂၇၁)အား လွှဲအပ်ပြီးနောက် ဝိသုဒ္ဓိမဂ်ကျမ်း၏ သီဟိုဠ်ဘာသာအဖွင့်ကျမ်း တစ်စောင်

[၁] Malalasekera, Pali Proper Names

[၂] P.L.C., p.113

[၃] Journal of Oriental Rescarch, Madras, Vol. XIX, p.281

[၄] Nanamoli, The Path of Purification p, XVI

[၅] Ibid, p. XVI (Foot Note)

ရေးသားခဲ့သည်။ အဆိုပါကျမ်း၌ အရှင်မဟာဗုဒ္ဓဃောသ၏အဋ္ဌကထာကျမ်းများအပြီးတွင် တွေ့ရသည့် ဝါကျရှည်ကြီးကို အရှင်မဟာဗုဒ္ဓဃောသ၏တပည့် **အရှင်ဗုဒ္ဓမိတ္တထေရ်** (ပပဉ္စသူဒနီကို ရေးသားရန် တောင်းပန်သူ ဖြစ်ဖွယ်ရှိသည်)က ထည့်သွင်း ရေးသားခဲ့ကြောင်း ဖော်ပြသည်ဟုဆိုသည်[၁]။ အေဒီ ၁၂-ရာစုအစောပုင်းမတိုင်မီ ရေးသားခဲ့သည့် **ဝဇိရဗုဒ္ဓိဋီကာ**၌မူ ယင်းဝါကျရှည်ကြီးကို မည်သူရေးကြောင်း မဖော်ပြသော်လည်း စကားရပ်အချို့ကို အဓိပ္ပါယ်ဖွင့်ဆိုခဲ့သည်။ ထို့ကြောင့် ယင်းဝါကျရှည်ကြီး၏ သက်တမ်းမှာ ဝဇိရဗုဒ္ဓိထက် ရှေးကျသည်။

သို့ဖြစ်၍ ယင်းဝါကျရှည်၏အဆိုသည် ခိုင်မာမှုရှိပြီး ယင်း၌ ဖော်ပြချက်အချို့သည် အရှင်မြတ်နှင့်ပတ်သက်၍ သိရသမျှအစောဆုံးသော သဲလွန်စပင်ဖြစ်သည်။ ယင်းဝါကျရှည်ကို မြန်မာလို အနှစ်ချုပ်ဖော်ပြရမူ-

> ‘စစ်မှန်သည့် သဒ္ဓါပညာဝီရိယတို့နှင့်ပြည့်စုံသူ၊ အကျင့်အာစာရဖြောင့်မတ်မှု သိမ်မွေ့မှုတို့ကြောင့် ချီးမွမ်းထိုက်သူ၊ ဗုဒ္ဓဝါဒနှင့် ဝါဒန္တရတို့ကို မွှေနှောက်နိုင်သည့် အသိပညာစွမ်းရည်နှင့်ပြည့်စုံသူ၊ အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံကို အသိပညာဖြင့် ထွန်းလင်းနိုင်သူ၊ သဒ္ဒါပညာရှင်၊ ကောင်းမွန် အထက်တန်းကျသော စကားကိုဆိုသူ၊ သင့်မသင့်ကို ဝေဖန်နိုင်သူ၊ မထင်ရှားသည်ကို ထင်ရှားအောင် ပြတတ်သူ၊ အချေအတင်ဆိုနိုင်သူ၊ ကဗျာဆရာကြီး၊ အဘိညာဉ်ခြောက်ပါး ပဋိသမ္ဘိဒါလေးပါးစသော ဂုဏ်အပေါင်းနှင့် ပြည့်စုံကြလျက် ဥတ္တရိမနုဿဓမ္မတို့၌ အပိတ်အပင်မရှိကြသည့် မထေရ်အစဉ်အဆက်၏ ဆီမီးတန်ဆောင်သဖွယ်ဖြစ်ကြသော မဟာဝိဟာရဝါသီတို့၏ အဆင်တန်ဆာနှင့်တူသူ၊ ကျယ်ပြောသည့်ပညာရှင် **ဗုဒ္ဓဃောသ**’

ဟုဖြစ်သည်။

ပညာရှင်များ၏အဆိုကို အနှစ်ချုပ်သော် အရှင်မဟာဗုဒ္ဓဃောသသည် အန္ဓကတိုင်းသား သို့မဟုတ် အိန္ဒိယတောင်ပိုင်း၊ ကဉ္စိပုရနယ်၊ မောရဏ္ဍရွာသား ပုဏ္ဏားမျိုးဖြစ်သည်။ ဗေဒင်သုံးပုံနှင့် ဝိဇ္ဇာသိပ္ပကို ကုံလုံစွာ တတ်မြောက်ပြီး ဗုဒ္ဓဝါဒဆိုင်ရာ တရားတော်များကို ကြားနာရသဖြင့် အိန္ဒိယတောင်ပိုင်း ထေရဝါဒကျောင်းတိုက်တစ်ခု၌ အရှင်ရေဝတ မထေရ်အမှူးရှိသော မဟာဝိဟာရဝါသီဂိုဏ်းသားရဟန်းတို့၏အထံ၌ ရှင်ရဟန်းအဖြစ်ခံယူပြီး ပိဋကတ်သုံးပုံကို သင်ယူသည်ဟု ကောက်ချက်ဆွဲယူနိုင်သည်။

အချို့သုတေသီများက အရှင်ဗုဒ္ဓဃောသကို **မြန်မာနိုင်ငံသား**ဟုဆိုကြသည်။ မြန်မာနိုင်ငံ တလိုင်းရာဇဝင်များ၌ ပုဏ္ဏားမျိုး အရှင်ဗုဒ္ဓဃောသမထေရ် အကြောင်းကို ဖော်ပြချက်ရှိသည်။ ထိုအရှင်သည် ရှေးခေတ် ဗုဒ္ဓဘာသာထွန်းကားသည့် ရာမညဒေသ သထုံမြို့မှ ပိဋကတ်သုံးပုံကို တလိုင်းဘာသာပြန်ဆိုရန် သီဟိုဠ်သို့သွားသည်။ (အိန္ဒိယမှ တစ်ဆင့် ဖြစ်ဖွယ်ရှိသည်)။ အပြန်တွင် မိမိနှင့်အတူ ပိဋကတ်သုံးပုံ တလိုင်းဘာသာပြန်များကို သထုံသို့ယူလာသည်။ သို့ရာတွင် ယင်းအဆိုအတွက် ခိုင်လုံသည့် အထောက်အထားများ ပိုမိုလိုသေးသဖြင့် အမည်တူအခြား မထေရ်တစ်ပါးအဖြစ်သာ မှတ်ယူသင့်သည်။ အဋ္ဌသာလိနီနှင့် သမ္မောဟဝိနောဒနီတို့ကို ရေးသားရန် တောင်းပန်သူ၏ အမည်မှာလည်း အရှင်ဗုဒ္ဓဃောသဖြစ်သည်ကို သတိပြုသင့်သည်[၂]။

**ပညာရှင်တို့အလိုအရ** အရှင်မဟာဗုဒ္ဓဃောသက သီဟိုဠ်မထေရ်များထံ ပိဋကတ်သုံးပုံကို ဖွင့်ဆိုရန်တောင်းပန်သည်မဟုတ်ဘဲ အရှင်မြတ်ကိုသာ သီဟိုဠ်ဆရာတော်များက အဋ္ဌကထာကျမ်းများရေးသားရန် တောင်းပန်ကြသည်။ ရှေးဟောင်း သီဟိုဠအဋ္ဌကထာကျမ်းများကို သင်ယူနေ စဉ် အရှင်ဗုဒ္ဓဃောသ၏ ထက်မြက်စူးရှ သောဉာဏ်၊ စင်ကြယ်သောသီလနှင့် သံဝဏ္ဏနာဖွင့်ပြနည်းတို့၌ ကောင်းစွာ ကျွမ်းကျင်သည်ကို သိကြရသဖြင့် အဋ္ဌထာကို သင်ယူခြင်း ကိစ္စပြီးဆုံးသောအခါ **အရှင်သံဃပါလ**စသော မထေရ်တို့သည် ဝိသုဒ္ဓိမဂ်စသောကျမ်းတို့ကို ပြုစီရင်ရန် တောင်းပန်ကြခြင်းဖြစ်သည်။

ဤအချက်ကို အရှင်မြတ်ပြုစုသော ကျမ်းတိုင်းနီးပါး၌ ယင်းကျမ်းကို ရေးသားရန် တောင်းပန် သူပါရှိနေခြင်းက ပညာရှင်အဆိုကို ထောက်ခံသည်ဟုဆိုနိုင်သည်။ ယင်းသို့ တောင်းပန်ကြရာ၌ အကြောင်းတရားများရှိသည်။

ပဌမ အကြောင်းမှာ မဟာဝိဟာရဝါသီဂိုဏ်းသားတို့၏ ပိဋကတ်ကျမ်းစာကို လူအများမသင်ယူ လိုကြခြင်းကြောင့်ဖြစ်သည်။ အကြောင်းမှာ သံဂါယနာသုံးတန်တင် ပါဠိပိဋကတ်မူ၊ ဝဋ္ဋဂါမဏိမင်းလက်ထက် ပေထက်အက္ခရာတင် ပိဋကတ်မူဟူသော ရှေးဟောင်းပိဋကတ် ဖြစ်နေခြင်းကြောင့် မသင်ယူလိုကြခြင်းဖြစ်သည်။

ဒုတိယအကြောင်းမှာ အဋ္ဌကထာဟောင်းများသည် ဖော်ပြပါအတိုင်း ရှေးကျသည့်ပြင် သီဟိုဠ်ဘာသာဖြင့် ရေးသားထားသောကြောင့် မိမိ(မဟာဝိဟာရဝါသီ)တို့၏ ပါဠိပိဋကတ်ကို ဇမ္ဗူဒီပ စသော ဒေသတစ်ပါးသို့ မဖြန့်ချိနိုင်သောကြောင့် ဖြစ်သည်။ အဘယဂရိဝါသီဂိုဏ်းသားတို့မှာ ဝဋ္ဋဂါမဏိလက်ထက်မှစ၍ သက္ကတဘာဖြင့် တင်ထားသော ဓမ္မရုစိဂိုဏ်း၊ မဟာယာနဂိုဏ်းတို့၏ အသစ်အသစ်သော ပိဋကတ်ကို သင်ယူကြသည်။ ထို့ကြောင့် အသစ်အသစ်

[၁] HBPL, p. 28

[၂] Encyclopaedia of Religion, article 'Buddhaghosa' by T. W. Rhys dvids

ကိုသာ အလိုရှိသော လူ့သဘာဝအတိုင်း လူအများသည် အဘယဂိရိဝါသီတို့၏ ပိဋကတ်ကို သင်ယူလိုကြသည်။ သက္ကတဘာသာဖြစ်၍ ဇမ္ဗူဒီပစသော တိုင်းတစ်ပါးတို့၌လည်း မိမိတို့၏ဝါဒကို ဖြန့်ချိရန် စွမ်းနိုင်ကြသည်။

တတိယအကြောင်းမှာ မဟာဝိဟာရဝါသီ မထေရ်တို့သည် မိမိတို့၏ ရှေးဟောင်းသီဟိုဠ်အဋ္ဌကထာကို ပါဠိဘာသာဖြင့် အသစ်ပြုပြင်စီရင်လိုကြချိန်၌ အရှင်မဟာဗုဒ္ဓဃောသသည် ထိုစွမ်းရည်နှင့် ပြည့်စုံသည်ကို သိကြရသောကြောင့်ဖြစ်သည်။

ဤအကြောင်းများကြောင့် သီဟိုဠ်မထေရ်ကြီး များက အရှင်ဗုဒ္ဓဃောသအား သီဟိုဠ်ဘာသာ အဋ္ဌကထာများကို ပါဠိဘာသာသို့ ပြန်ဆိုရန် တောင်းပန်ကြခြင်းဖြစ်သည်[၁]။

**ခေတ်ကာလ**

တွင်းသင်းနှင့် ဦးကုလားမြန်မာရာဇဝင်ကျမ်းတို့၌ အရှင်မဟာဗုဒ္ဓဃောသသည် သာသနာ ၉၃၀ (အေဒီ ၃၈၇)ခုနှစ်တွင် သီဟိုဠ်သို့ရောက်၏ ဟုဆိုသည်။ သို့ရာတွင် ထိုအဆိုကို မှန်နန်းရာဇဝင်၌ ပယ်ထားသည်-

> 'ဤအရာ၌ ရာဇဝင်ကြီး (တွင်းသင်းရာဇဝင်ကို ရည်ညွှန်းသည်)တွင် **သေဉ်လည်ကြောင်မင်း** နန်းတက် လေးဆဲ့နှစ်နှစ်ရှိသောအခါ အရှင်ဗုဒ္ဓဃောသ သီဟိုဠ်သို့ကူးသည်ဟု ဆိုလေသည်။ သေဉ်လည်ကြောင်မင်း နန်းတက် လေးဆယ့်နှစ်ရှိသောအခါ သာသနာ ကိုးရာသုံးဆယ်ရောက်သောနှစ်၊ သက္ကရာဇ် သုံးရာ့ရှစ်ခုတွင် မဟာနာမမင်း မင်းမှမဖြစ်လေသေး။ တစ်ဆယ့်ခြောက်နှစ်စင် ကွာဝေး လေသောကြောင့် သေဉ်လည်ကြောင်မင်း လက်ထက်မဟုတ်၊ သားတော် **ကြောင်တူရစ်မင်း**လက်ထက် နန်းတက် တစ်ဆယ့်ငါးနှစ်ရှိသောအခါ သာသာနာ ကိုးရာလေးဆယ့်ခြောက်နှစ်၊ သက္ကရာဇ်သုံးရာနှစ်ဆယ့်လေးခုတွင်မှ မဟာနာမမင်းဖြစ်သတည်း။ ဤကားဒီပဝင်ကျမ်းလာ၊ ကလျာဏီကျောက်စာ၊ သာသနဝံသနှင့်အညီတည်း[၂]။

သီရိလင်္ကာအစဉ်အလာအရ အရှင်မဟာဗုဒ္ဓဃောသသည် သာသနာသက္ကရာဇ် ၉၆၅-ခုနှစ်တွင် သီဟိုဠ်သို့ရောက်သည်။ မဟာဝံသ (အခန်း ၃၇၊ ၂၃၁)၌ မဟာနာမမင်း(၄၀၇-၄၂၉)လက်ထက်တွင် ရောက်ကြောင်းဆိုသဖြင့် မှန်နန်းအဆို ယုတ္တိရှိသည်။

မဟာနာမမင်းသည် ဥပတိဿမင်း (၃၆၁-၄၀၇)၏ ညီငယ် ဖြစ်သည်။ ဥပတိဿ၏ မိဖုရားသည် မဟာနာမနှင့် ဖောက်ပြန်သောကြောင့် တစ်ယောက်တည်းရှိစဉ် ဥပတိဿကို ဓားဖြင့်ထိုးသတ်သည်။ ရဟန်းပြုနေသူ မဟာနာမသည် ချက်ခြင်းလူဝတ်လဲ့ပြီး အစ်ကိုကို သတ်ခဲ့သည့် မိဖုရားကိုယူ၍ ထီးနန်းစိုးစံသည်။ မဟာနာမမင်းသည် နှစ်ဆယ့်နှစ်နှစ်ကြာ အုပ်ချုပ်သည်။ ဤမင်းသည် အဘယဂိရိဝါသီဂိုဏ်းသား ရဟန်းများကို ကြည်ညိုအားပေးသည်။

ဤဖော်ပြချက်၌ နားလည်ရသည့် အရေးကြီးသော အချက်တစ်ရပ်မှာ ရဟန်းဘဝနှင့်ရှိစဉ် မဟာနာမ၏ အမည်ဖြစ်သည်။ ရဟန်းမပြုမီ မဟာနာမ၏အမည်ကို မရှင်းလင်းဘဲရှိသည်။ သို့သော် အေဒီ ၁၂၆၆-တွင် သီဟိုဠ်ဘာသာဖြင့်ရေးသည့် **ပူဇာဝလိယ**ကျမ်း၌ ဖော်ပြချက် တစ်ရပ်ပါသဖြင့် ရှင်းသွားသည်။ ယင်းကျမ်း၌ အရှင်မဟာဗုဒ္ဓဃောသသည် ၎င်း၏ အဋ္ဌကထာကျမ်းများကို **သိရိနိဝါသ**မင်း (သာရတ္ထ၊ ဝိမတိတို့၌ သိရိနိဝါသ-ပုဒ်ကို ဝိသေသနအဖြစ်ယူပြီး ဘုရင်၏အမည်ကို သိရိပါလ-ဟုယူသည်)နှင့် အမတ်ကြီး **မဟာနိဂမသာမိ**တို့ တောင်း ပန်သောကြောင့် ရေးသားသည်ဟုဆိုသည်။ ပူဇာဝလိယကျမ်း၌ပင် နောက်တစ်နေရာ၌ အရှင်ဗုဒ္ဓဃောသသည် မဟာနာမမင်းအုပ်ချုပ်စဉ် အဋ္ဌကထာကျမ်းများကို ရေးသားသည်ဟုဆိုပြန်သည်။ ယင်းဖော်ပြချက်နှစ်ရပ်၌ တစ်ကျမ်းတည်းတွင် ကျမ်းပြုသူ တစ်ဦးတည်းက ဘုရင်တစ်ပါးတည်းကို နာမည်နှစ်မျိုးဖြင့် ဖော်ပြသည်။ သိရိနိဝါသအမည်သည် ရဟန်းဘွဲ့ဖြစ်ပြီး မဟာနာမအမည်သည် အဘိသိက်ခံပြီးနောက် ခံယူသော အမည်ဖြစ်နိုင်သည်။ သို့ဖြစ်၍ သိရိနိဝါသမင်းသည် မဟာနာမမင်းဖြစ်သည်မှာ သေချာသည်[၃]။

သီရိလင်္ကာအစဉ်အလာနှင့် မှန်နန်းတို့အဆိုကို ယူပြီး ဆိုရမူ အေဒီ ၄၂၂၊ **သိရိနိဝါသ** သို့မဟုတ် **သိရိပါလ** သို့မဟုတ် **မဟာနာမ** သုံးမည်ရသည့် သီဟိုဠ်ဘုရင် နန်းစံ ၁၅-နှစ်တွင် အရှင်ဗုဒ္ဓဃောသ သီဟိုဠ်သို့ ရောက်ကြောင်း မှတ်ယူသင့်သည်။ **သမန္တပါသာဒိကာ**ကို ၎င်းမင်း နန်းစံ ၂၀-နှစ်မြောက်တွင် စတင်ရေးသားပြီး ၂၁-နှစ် မြောက် (အေဒီ ၄၂၇ နှင့် ၄၂၈) တွင် ပြီးစီးသည်။ ကျမ်းပြုချိန် တစ်နှစ်ကြာပြီး အရှင်မြတ် သီရိလင်္ကာကို ရောက်ပြီးနောက် ၅-နှစ်အကြာတွင် ရေးသားပြီးစီးခဲ့သည်။ ဝိသုဒ္ဓိမဂ်ကျမ်းမှာ ယင်းထက်ရှေးကျပြီး အခြားကျမ်းများကိုလည်း မရှေးမနှောင်းတွင် ရေး သည်ဟု ဆိုနိုင်သည်။

အရှင်မဟာဗုဒ္ဓဃောသ သီရိလင်္ကာသို့ရောက် ရှိချိန်သည် အေဒီ ၄၁၁ တွင် သီရိလင်္ကာသို့ ရောက်လာပြီး ၂-နှစ်ကြာ ဗုဒ္ဓစာပေကျမ်းဂန်များကို လေ့လာသွားသူ တရုတ်ရဟန်းတော် **ဖာဟီယန်** ရောက်ပြီးနောက်မှ ဖြစ်သည်[၄]။

---

[၁] ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ၊ စာ- ၃၆။

[၂] မှန်နန်းရာဇဝင်၊ ပ-တွဲ၊ စာ-၂၃၆။

[၃] PLC, p. 96

[၄] H. A. Giles, The Travels of Fa-Hsien, Camb- ridge, 1923

**စာမျက်နှာပေါင်း**

အရှင်မြတ်ရေးသားခဲ့သည့် ကျမ်းစာများကို စာမျက်နှာပြုကြည့်သောအခါ အောက်ပါအတိုင်းတွေ့ရသည်-

| | | |
|---|---|---|
| ၁။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌ ကထာ | ပါ၊ ဒု | စာ-၇၂၄ |
| ၂။ သမန္တပါသာဒိကာ | ပါ၊ ဒု၊ တ၊ စ | စာ-၁၅၉၈ |
| ၃။ သုမင်္ဂလဝိလာသိနီ | ပါ၊ ဒု၊ တ | စာ-၉၉၀ |
| ၄။ ပပဉ္စသူဒနီ | ပါ၊ ဒု၊ တ၊ စ | စာ-၁၂၇၅ |
| ၅။ သာရတ္ထပ္ပကာသနီ | ပါ၊ ဒု၊ တ | စာ-၁၀၁၁ |
| ၆။ မနောရထပူရဏီ | ပါ၊ ဒု၊ တ၊ | စာ-၁၁၇၀ |
| ၇။ အဋ္ဌသာလိနီ | | စာ-၄၅၃ |
| ၈။ သမ္မောဟဝိနောဒနီ | | စာ-၅၀၇ |
| ၉။ ပဉ္စပကရဏအဋ္ဌကထာ | | စာ-၄၉၈ |
| ၁၀။ ကင်္ခါဝိတရဏီ | | စာ-၃၅၆ |
| ၁၁။ ဓမ္မပဒအဋ္ဌကထာ | ပါ၊ ဒု | စာ-၉၀၂ |
| ၁၂။ ပရမတ္ထဇောတိကာ | | |
| (က)ခုဒ္ဒကပါဌအဋ္ဌကထာ | | စာ-၂၁၆ |
| (ခ)သုတ္တနိပါတအဋ္ဌကထာ | ပါ၊ ဒု | စာ-၆၃၈ |
| ၁၃။ ဇာတကအဋ္ဌကထာ | ပါ၊ ဒု၊ တ၊ စ၊ မ၊ ဆ၊ သ | စာ-၃၂၃၇ |

စုစုပေါင်းစာမျက်နှာ **၁၃၅၇၅** -ဖြစ်သည်။ စာမျက်နှာ ၁၅၉၈-ရှိသည့် သမန္တပါသာဒိကာကို တစ်နှစ်နှင့် အပြီးရေးသည်ဆိုလျှင် ဖော်ပြပါစာမျက်နှာစုစုပေါင်းကို အနားမယူဘဲရေးလျှင် အနည်းဆုံး ၈-နှစ်ခွဲခန့် ရေးသားရမည်ဖြစ်သည်။ အရှင်မြတ်၏ အာရောဂျ (ကျန်းမာခြင်း)ဂုဏ်၊ ပညာဂုဏ်၊ ဝီရိယဂုဏ်၊ အဓိဋ္ဌာန(အခိုင်အမာဆုံးဖြတ်ချက်)ဂုဏ်တို့ကား အဘယ်သူ မအံ့ချီးဘဲရှိအံ့နည်း။

**ကျမ်းပြုဆုတောင်း**

များပြားလှသော အဋ္ဌကထာကျမ်းများကို ပေရွက်ပေါ်တွင် သံကညစ်ဖြင့်ရေးသားပြုစုခဲ့သော အရှင်မဟာဗုဒ္ဓဃောသသည် အလွန်ထူးခြားသော ပုဂ္ဂိုလ်မြတ်ကြီးဖြစ်သည်။ သို့ရာတွင် အရဟတ္တဖိုလ်ပေါက် အရိယာပုဂ္ဂိုလ် မဟုတ်သေးဟု အရှင်မြတ်ရေးသားခဲ့သော အဋ္ဌကထာကျမ်းများ၏ နိဂုံးဖော်ပြချက်အချို့ကို ကိုးကား၍ ဆိုကြသည်။

'စိရဋ္ဌိတတ္ထံ ဓမ္မဿ၊ ကရောန္တေန မယာ ဣမံ။
သဒ္ဓမ္မဗဟုမာနေန၊ ယဉ္စ ပုညံ သမာစိတံ။
သဗ္ဗဿ အာနုဘာဝေန၊ တဿ သဗ္ဗေပိ ပါဏိနော။
ဘဝန္တု ဓမ္မရာဇဿ၊ သဒ္ဓမ္မရသသေဝိနော။

'သဒ္ဓမ္မ ကြာရှည်စွာတည်တံ့စေရန် သဒ္ဓမ္မကိုမြတ်နိုးသည့်အတွက် ဤဝိနည်းအဋ္ဌကထာကိုစီရင်သဖြင့်ကျွန်ုပ်ရရှိသော ကုသိုလ်အားလုံး၏အစွမ်းကြောင့် သတ္တဝါအလုံးစုံသည် တရားမင်းမြတ်ဗုဒ္ဓ၏ ဓမ္မရသကို ခံစားနိုင်ကြပါစေ" (ဝိနည်းအဋ္ဌကထာနိဂုံး)။

'ယံ ပုညမုပစိတံ တေန၊
ဟောတု သဗ္ဗော သုခီ လောကော။

'(ပပဉ္စသူဒနီအဋ္ဌကထာကျမ်းပြု) ကုသိုလ်ထူးကြောင့် သတ္တလောကတစ်ခုလုံးသည် နိဗ္ဗာန်ချမ်းသာဖြင့် ကိုယ်စိတ်နှစ်ပါးချမ်းမြေ့ကြပါစေ" (သံယုတ္တအဋ္ဌကထာနိဂုံး)။

စသည်ဖြင့် ကျမ်းပြုကုသိုလ်ထူးကိုရည်ညွှန်း၍ ဆုတောင်းအထူး ပြုထားသည်ကို တွေ့နိုင်သည်။

'စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။
ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ'။

'သဒ္ဓမ္မသုံးဖြာ သာသနာ အဓွန့်ရှည်ပါစေ။ သတ္တဝါအလုံး ဓမ္မကို ရိုသေလေးစား လိုက်နာနိုင်ကြပါစေ။ မိုးမင်းသည် ရွာသင့်ချိန်ခါ၌ ကောင်းစွာ ရွာပါစေသတည်း။ ရှေးမင်းကောင်းတို့ကဲ့သို့ ပြည့်ရှင်မင်းတို့သည် ပြည်သူကို မိမိသားသမီးရင်းများပမာ စောင့်နိုင်ကြပါစေ'

(အဋ္ဌသာလိနီနိဂုံး)

အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်သည် မိမိ၏ အဋ္ဌကထာကျမ်းပြုကုသိုလ်အထူးကို နတ်နှင့်တကွသော သတ္တလောက၏ ကောင်းကျိုးချမ်းသာရရှိရေး အတွက်သာရည်ညွှန်းတော်မူခဲ့ကြောင်း တွေ့ရသည်။

သီဟိုဠ်မူ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကျမ်းနိဂုံး၌ အရှင်မဟာဗုဒ္ဓဃောသ၏ ဆုတောင်းအထူးပါရှိပြီး ယင်းကို အင်္ဂလိပ်ဘာသာပြန်ဆိုသူ အရှင်ဉာဏမောထေရ်က ဖော်ပြခဲ့သည်-

'ဤကျမ်းပြုကုသိုလ်နှင့် အခြားကုသိုလ်ထူးများကြောင့် နောက်ဆုံးဘဝတွင် တာဝတိံသာနတ်ပြည်၌ ဖြစ်ရလို၏။ ကောင်းမှုကို မြတ်နိုးပြီး ကာမဂုဏ်ကို မတပ်မက်ဘဲ သောတာပတ္တိမဂ်ကိုရရှိလျက် လောက၏အထွတ်အထိပ်၊ ပညာရှင်တို့၏ကိုးကွယ်ရာ၊ သတ္တဝါအားလုံးတို့၏ ကောင်းကျိုးကိုဆောင်ရွက်သူ ဖြစ်တော်မူသော မေတ္တေယျဘုရားရှင် ဟောကြားတော်မူသော တရားဓမ္မကို နာယူရလျက် အရဟတ္တမဂ်ဖိုလ်ကိုရရှိပြီး ထိုဘုရားရှင်၏ သာသနာတော်ကို ထွန်းတောက်အောင် ဆောင်ရွက်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏'

သို့ရာတွင် အထက်ပါဆုတောင်းအထူးမှာ မြန်မာမူ ဝိသုဒ္ဓိမဂ်၌ မပါရှိပေ။ စာမူရေးကူးသူတို့ ထည့်သွင်းခဲ့သည်များလည်း ဖြစ်နိုင်သဖြင့် မပါခြင်းသည်သာ သင့်မြတ်ဖွယ်ရှိသည်။ ထူးခြားသည်မှာ သာရတ္ထဒီပိကာရှင်နှင့် တောင်ဖီလာဆရာတော်တို့လည်း ထိုဖော်ပြချက်နှင့် ဆင်တူစွာပင် ဆုတောင်းခဲ့ကြသည်။ ☺☺☺

Ashin Kelasa
1651 E Manhatton Dr
Tempe, AZ 85282